# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 13 September 2022 ၁၀၈၅၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၃၊ ၄





## ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့

ဆောင်းပါး စာမျက်နှာ » ၅၊ ၆

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪**

**ယနေ့ ဖတ်စရာ**

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၃၀၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၄ ဦး တွေ့ရှိ
စာမျက်နှာ » ၁၂

ဂျပန်-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် ရည်ရွယ်ထားဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိ ယိုရှီမာဆာ ပြောကြား
စာမျက်နှာ » ၁၃

အကောင်းမြင် အတွေးသမားဖြစ်လိုက်ပါ
စာမျက်နှာ » ၁၉

ကြေးမုံ

# စိုက်ပျိုးစီးပွားထွန်းကားရေး အားသွန်ခွန်စိုက်ဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ပြည်သူအများစုမှာ ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများအား အများဆုံးလုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရေးအစဉ်အဆက်လုပ်ကိုင်လာခဲ့ကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံ၏အဓိကလုပ်ငန်းဖြစ်သော်လည်း မျက်မှောက်ကာလတွင် ကျေးလက်နေပြည်သူအချို့မှာ အကြောင်းအမျိုးမျိုးဖြင့် အခြားလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်လာကြသည်။

လိုအပ်ချက်အကြောင်းရင်းများစွာအနက် ရင်းနှီးမြှုပ်နှံမှုစရိတ်မြင့်မားမှု၊ ရောင်းဝယ်ဖောက်ကားမှု မတည်ငြိမ်မှု၊ လုပ်အားစရိတ်နည်းပါးမှု၊ ရာသီဥတုဖောက်ပြန်မှု၊ သီးနှံအထွက်နှုန်းလျော့နည်းမှု စသည့်အကြောင်းများကြောင့် လယ်ယာကဏ္ဍတိုးတက်ရေးတွင် လိုအပ်ချက်များရှိနေသည်။ အကယ်၍ လယ်ယာစီးပွားတိုးတက်မြင့်မားပြီး ဝင်ငွေရလမ်းများကောင်းမွန်နေပါက ကျေးလက်ဒေသများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုထွန်းကားလာပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များမှ ပြောင်းရွှေ့လုပ်ကိုင်မှုများလျော့နည်းကာ ကျေးလက်လူမှုစီးပွားစည်ပင်ဝပြောလာမည်ဖြစ်သည်။ ယင်းလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက အလျင်အမြန် အကောင်အထည်ဖော်ပေးနေပြီဖြစ်သည်။

တောင်သူများမှာ စိုက်ပျိုးမြေ၊ စိုက်ပျိုးစွမ်းအားများရှိနေသော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် သွင်းအားစုများ အဓိကလိုအပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်၏ အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧက အထွက်နှုန်းကောင်းမွန်ရေးကို တွန်းအားပေးဆောင်ရွက်နေသည်။ လာမည့်စိုက်ပျိုးရာသီတွင် နွေစပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်ရေးအတွက် ငွေကျပ်ဘီလီယံ ၄၀၀ ရင်းနှီးမြှုပ်နှံစီမံကိန်းကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးရာသီတွင် တောင်သူနှင့် ကုမ္ပဏီအကျိုးဖြစ်ထွန်းစေမည့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းကို Supply chain financing အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများ၏ အဓိကလိုအပ်ချက်မှာ မျိုး၊ မြေဩဇာ၊ သွင်းအားစုများဖြစ်သည်။ ယင်းလိုအပ်ချက်ကြောင့် ရှေ့မတိုးသာဖြစ်ကြရသည်။ ယခုအစီအစဉ်တွင် တောင်သူများ၏ နွေစပါးတစ်ဧက အထွက်နှုန်းတိုးစေရန်အတွက် မျိုးစေ့၊ မြေဩဇာနှင့် သွင်းအားစုများကို ပံ့ပိုးပေးမည့်အစီအစဉ်ဖြစ်သည်။ သက်ဆိုင်ရာမြို့နယ်အလိုက် နွေစပါးစိုက်တောင်သူများစုဖွဲ့၍လည်းကောင်း၊ ဆန်စက်များနှင့် ဆန်စပါးကုမ္ပဏီများစုဖွဲ့၍လည်းကောင်း စိုက်ပျိုး၊ ထုတ်လုပ်၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့ရောင်းချသော လုပ်ငန်းများအားလုံးကို စုဖွဲ့ချိတ်ဆက်ပေါင်းစည်းထားသည့် အစီအစဉ်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် စိုးရိမ်ပူပန်စရာကြီးကြီးမားမား ရှိတော့မည်မဟုတ်ပေ။ စပါးအထွက်နှုန်းတိုးရေးကိုသာ အားသွန်ခွန်စိုက် စိုက်ပျိုးကြရတော့မည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လာမည့်ကာလ နွေစပါးစိုက်ပျိုးရေးအတွက် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ကို ဖိတ်ခေါ်ထားသည်။ ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက်လည်း အကျိုးတူလုပ်ကိုင်နိုင်ရန် အလားတူဖိတ်ခေါ်ထားသည်။ ကနဦးတွင် နိုင်ငံတစ်ဝန်း၌ နွေစပါးစိုက်ဧက ၈ ဒသမ ၅ သိန်း စိုက်ပျိုးသွားမည်ဖြစ်သည်။ တောင်သူများအား ငွေသားမပေးဘဲ တန်ဖိုးနှင့်ညီမျှသည့် သွင်းအားစုလိုအပ်ချက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ပြီးဖွံ့ဖြိုးရေးရန်ပုံငွေမှ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ စပါးစိုက်ပျိုးရေးအတွက် တစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသည့် သွင်းအားစုများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ပဲတီစိမ်းစိုက်ပျိုးမည်ဆိုလျှင် တစ်ဧက ငွေကျပ် ၁၂၀၀၀၀ နှင့်ညီမျှသည့် သွင်းအားစုများကို ပံ့ပိုးပေးသွားမည်ဖြစ်၍ တောင်သူများအတွက် အဆင်ပြေမည်ဖြစ်သည်။

စိုက်ပျိုးထွက်ရှိလာသော စပါးနှင့် ပဲတို့ကို အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းသတ်မှတ်ချက်တစ်ခုဖြင့် ကုမ္ပဏီကဝယ်ယူမည်ဖြစ်သည်။ ပိုလျှံသည့် စပါးနှင့် ပဲကို ပေါက်ဈေးအတိုင်း ဝယ်ယူသွားမည်ဖြစ်သည်။ တောင်သူများအနေဖြင့် ပိုလျှံသည့်သီးနှံများကို အခြားသို့လည်းရောင်းချနိုင်မည်ဖြစ်သည်။ ဤအစီအစဉ်ကိုကြည့်လျှင် တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များအဆင်ပြေစေရေးနှင့် စိုက်ပျိုးစီးပွားထွန်းကားလာရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။ တောင်သူများအနေဖြင့် ပံ့ပိုးမှုများကို ထိရောက်အောင်အသုံးချပြီး အထွက်နှုန်းတိုးအောင် ကြိုးပမ်းအားထုတ်ကြမည်ဆိုလျှင် အားလုံးအဆင်ပြေမည်ဖြစ်သည်။ နွေစပါးစိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်တစ်ခုမှာ ရေရရှိရေးဖြစ်ပြီး တောင်သူများပူးပေါင်းပါဝင်ဆောင်ရွက်သည့် ဆည်မြောင်းစနစ်ကိုလည်း အကောင်အထည်ဖော်ပေးထားသည်။

သို့ဖြစ်ရာ စိုက်ပျိုးထွက်ကုန် အထွက်တိုးရေးအတွက် လိုအပ်သည်တို့ကို နိုင်ငံတော်အစိုးရက ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးထားပြီဖြစ်ရာ လာမည့်ကာလတွင် နွေသီးနှံများအထွက်တိုးအောင် စံနမူနာပြကြိုးပမ်းဆောင်ရွက်နိုင်ခြင်းမှ တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ကာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ပြီး နိုင်ငံ့စီးပွားဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မိုးနဲမြို့နယ် ဥယျာဉ် မူလတန်းကျောင်းသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်း

မိုးနဲ စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသားလူငယ်၊ လူရွယ်များ ပြင်ပစာပေဗဟုသုတရရှိစေရန်၊ စာဖတ်ရှိန်မြှင့်တင်နိုင်ရန်ရည်ရွယ်ပြီး ယနေ့ နံနက် ၁၀ နာရီတွင် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဥယျာဉ် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်ပြသခြင်းနှင့် ငှားရမ်းပေးခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ စာပေကို အလွယ်တကူလေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ/ရသစာအုပ်များ၊ ရုပ်ပြပုံပြင်စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ စကားပုံစာအုပ်များ၊ ဂျာနယ်များစသည့် ကလေးများအသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ငှားရမ်းပေးခြင်းကို အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအား ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေးခြင်း၊ ဖတ်ရှုပြီးစာအုပ်များ ပြန်လည်သိမ်းဆည်းခြင်း၊ အသစ်ထပ်မံ ငှားရမ်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် စာငှားအသင်းဝင်ကတ်များကို အခမဲ့ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၉,၈၀၀ | ၂,၁၀၅ | ၂၀,၆၀၃,၁၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၉,၅၀၂ | ၃၂,၄၈၈,၇၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၄၂ | ၃၃၁,၈၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၆၁၇ | ၁၂,၉၅၇,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄,၀၀၀ | ၁၁,၂၀၀,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၈၀၀ | ၆၇ | ၁၈၁,၆၀၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၁၀ | ၅၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၃၁.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၃.၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၇၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၆.၃၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၀၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၃.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၇၁.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၂.၄၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား စက်တင်ဘာ ၆ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)၌ တွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများအား လက်ခံဖြေကြားခဲ့သည်။ အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ရပါသည် –



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

**မေး။** ။ အခုလိုမျိုး ဒီနေ့အင်တာဗျူးဖြေကြားဖို့အတွက် အချိန်ခွဲဝေပေးတဲ့အတွက်လည်း CRCS သတင်းဌာနက ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ အဆွေတော်အနေနဲ့ ရုရှားနိုင်ငံကို ယခုနှစ်အတွင်းမှာ ဒါဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပြီးတော့ ပြီးခဲ့တဲ့တစ်ကြိမ် မိမိတို့သတင်းဌာနနဲ့ တွေ့ဆုံမှုဟာ ဆိုလို့ရှိရင် ပြီးခဲ့တဲ့နှစ် ဒီMoscow International Security Forum မှာ ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာလည်း မိမိတို့ အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ဖူးပါတယ်။ အဆွေတော်အနေနဲ့ ပြီးခဲ့တဲ့အကြိမ်ပါဝင်တက်ရောက်ခဲ့တဲ့ Moscow International Security Conference နဲ့ အဆွေတော်ဆွေးနွေးရာမှာ အာရှ–ပစိဖိတ်ဒေသရဲ့ လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်သည် သိသိသာသာတိုးမြင့်လာခဲ့သည်လို့ ဆိုခဲ့ပါတယ်။ ယနေ့အချိန်လည်း ထိုင်ဝမ်တစ်ဝိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေတွေကြောင့် ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း လုံခြုံရေးသဘောတရား အခင်းအကျင်းသစ်တွေကို တွေ့မြင်လာကြရပါတယ်။ ဒေသတွင်းဆက်တိုက်ဖြစ်ပေါ်လာတဲ့ ပဋိပက္ခပြဿနာတွေကတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခအဆင့်အထိ တိုးမြှင့်သွားနိုင်သည် ရှိ၊ မရှိနဲ့ ပတ်သက်ပြီး အဆွေတော်အနေနဲ့ အနည်းငယ်ဆွေးနွေးပြောကြားပေးစေလိုပါတယ်။ ပထမမေးတဲ့ မေးခွန်းလေးပါပဲ။ ဒီဒေသတွင်းမှာ လက်နက်ကိုင်ပဋိပက္ခအဆင့်အထိ တိုးမြှင့်သွားနိုင်သည် ရှိ၊ မရှိကို ပြောကြားပေးပါ။

**ဖြေ။** ။ ပြီးခဲ့တဲ့လ အမေရိကန်နဲ့ ထိုင်ဝမ်ဆက်ဆံရေးဖြစ်ပေါ်မှုအပေါ်မှာ ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ One China Policy ကို များစွာ ထိရောက်စေခဲ့တယ်ဆိုတာ သွားတွေ့ပါတယ်။ One China Policy ဟာ တရုတ်နိုင်ငံရော အမေရိကန်နိုင်ငံရော လက်ခံထားတဲ့ မူဝါဒဖြစ်ပါတယ်။ တစ်ဖန်နောက်ဆက်တွဲ အမေရိက တာဝန်ရှိပုဂ္ဂိုလ်တွေ ထိုင်ဝမ်ကို ဆက်တိုက်သွားခြင်းဟာလည်း မီးလောင်ရာလေပင့် ဖြစ်စေခဲ့တာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ဒါလည်းအထူးဂရုစိုက်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ မကျေနပ်ချက်ရှိတဲ့တိုင်းပြည် စိုးရိမ်ပူပန်ရတဲ့တိုင်းပြည်ကတော့ သူတို့ရဲ့ မကျေနပ်ချက် စိုးရိမ်ပူပန်မှုတွေကိုလည်း ပြလာမှာပဲဖြစ်ပါတယ်။ အဲဒီပြသမှုကတော့ တည်ငြိမ်အေးချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုကိုတော့ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ ကျွန်တော်တို့ သတိပြုရမှာပဲ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုပြဿနာဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ အမေရိကန်နိုင်ငံက ထိုင်ဝမ်ကို စစ်လက်နက်ပစ္စည်း ထောက်ပံ့ပေးတာတွေ၊ ရောင်းချပေးတာတွေ ကျွန်တော်တို့တွေ့ပါတယ်။ အမေရိကန်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းထဲမှာ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရောင်းချတဲ့ စီးပွားရေး လုပ်ငန်းတစ်ခုလည်းပါပါတယ်။ ပြီးခဲ့တဲ့ ယူကရိန်းဖြစ်စဉ်တွေကို ပြန်ကြည့်မယ်ဆိုရင်လည်း အလားတူစွာပဲ ကျွန်တော်တို့တွေ့ရတယ်။ ပြဿနာကိုပဲ နှယ်နှယ်ရရဖန်တီးတတ်တယ်။ ပြီးတော့မှ လက်နက်ခဲယမ်းမီးကျောက်တွေ ထောက်ပံ့တယ်။ အရန်ထားရှိတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ ထောက်ပံ့ပေးခြင်းအားဖြင့် တိုက်ပွဲရဲ့၊ စစ်ပွဲရဲ့ ပုံသဏ္ဍာန်ကို ပြောင်းလဲအောင်ဖန်တီးလာတယ်။ သူတို့ရဲ့၊ သူတို့နိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းထဲမှာ လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်တဲ့လုပ်ငန်းဟာလည်းပါတယ်။ အဲဒီတော့ အရန်ထုတ်လိုက်ပြီဆိုကတည်းက ပစ္စည်းတွေထပ်ပြီး အသစ်ပြန်ထုတ်ရတယ်။ ဒါစစ်ပွဲကိုနားလည်တဲ့သူတိုင်း သဘောပေါက်ပါတယ်။ ဒါကတော့ ပထမအချက်အနေနဲ့တွေ့ရပါတယ်။ ဒုတိယအချက်ကတော့ ပဋိပက္ခတွေ ထပ်ပြီးဆိုးလာနိုင်မလားဆိုတာ လူတွေက တတ်နိုင်သလောက်တော့ နိုင်ငံတွေက ရှောင်ကြလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ တကယ်လို့သာ ကိုဗစ်ကြောင့် ကျဆင်းနေတဲ့စီးပွားရေးလုပ်ငန်းတွေကို တစ်ဖက်ကနေပြီး ပိုပြီးအောင်မြင်အောင်လုပ်မယ် ဆိုပိုကောင်းပါတယ်။ လက်နက်ခဲယမ်းများထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်မယ့်အစား ကိုဗစ်ကိုအထောက်အကူမပြုတဲ့ စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူပြုမယ်ဆိုရင် ပြည်သူတွေကတော့ ကမ္ဘာ့နိုင်ငံတွေကို ကျေးဇူးတင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

> ပဋိပက္ခတွေ ထပ်ပြီးဆိုးလာနိုင်မလားဆိုတာ လူတွေက တတ်နိုင်သလောက်တော့ နိုင်ငံတွေက ရှောင်ကြလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ တကယ်လို့သာ ကိုဗစ်ကြောင့် ကျဆင်းနေတဲ့စီးပွားရေးလုပ်ငန်းတွေကို တစ်ဖက်ကနေပြီး ပိုပြီးအောင်မြင်အောင် လုပ်မယ်ဆို ပိုကောင်းပါတယ်။ လက်နက်ခဲယမ်းများ ထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်မယ့်အစား ကိုဗစ်ကိုအထောက်အကူမပြုတဲ့ စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူပြုမယ်ဆိုရင် ပြည်သူတွေကတော့ ကမ္ဘာ့နိုင်ငံတွေကို ကျေးဇူးတင်မယ်လို့ ကျွန်တော်မျှော်လင့်

**မေး။** ။ လက်ရှိမြန်မာနိုင်ငံ ပြည်တွင်းနိုင်ငံရေးအခြေအနေ တည်ငြိမ်မှုအခြေအနေနဲ့ပတ်သက်ပြီး သိရှိလိုတာဖြစ်ပါတယ်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ မတည်ငြိမ်မှုတွေနဲ့ ပတ်သက်ပြီးတော့ ထိန်းချုပ်နိုင်မှုအခြေအနေလေးကိုလည်း သိရှိလိုပါတယ်။

**ဖြေ။** ။ ကျွန်တော်တို့ထိန်းချုပ်နိုင်တဲ့ အခြေအနေတော့ ရှိပြီဆိုပြီးတော့ အကြမ်းဖျင်းအားဖြင့် ပြောလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်ကတော့ အကြမ်းဖက်ဆူပူမှုတွေ ပြင်းထန်ခဲ့ရတာတော့ရှိပါတယ်။ အကြမ်းဖက်ဆူပူမှုတွေ ပြင်းထန်ခဲ့သလို ဖျက်ဆီးမှုတွေ၊ သတ်ဖြတ်မှုတွေလည်း တော်တော်များများရှိခဲ့တယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ ဧပြီလကစပြီးတော့ နောက်ပိုင်းမှာ ဖြစ်ပွားမှုတွေက တော်တော်ကျဆင်းလာတာကို ကျွန်တော်တို့တွေ့ပါတယ်။ ထိန်းသိမ်းနိုင်တဲ့ အခြေအနေရောက်ပြီလို့ ပြောရပါမယ်။ သို့သော်လည်း အားလုံးကင်းစင်သွားပြီလား။ ဒီလိုတော့ မဟုတ်သေးပါဘူး။ တချို့ပြည်နယ်နဲ့ တိုင်းတချို့တွေမှာတော့ ကျန်နေပါသေးတယ်။ ဒါလည်း ကျွန်တော် ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နေတယ်ဆိုတာကို ပြောချင်ပါတယ်။

**မေး။** ။ ပထမမေးခွန်း ဖြေကြားတဲ့အထဲမှာ ဒီအနောက်နိုင်ငံတွေအနေနဲ့ တခြားနိုင်ငံတွေရဲ့ ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လက်နက်တွေထောက်ပံ့တယ်ဆိုတဲ့ အချက်လေးလည်းပါပါတယ်။ အခုမြန်မာနိုင်ငံပြည်တွင်းရေးအခြေအနေ မတည်မငြိမ်မှုတွေရဲ့ နောက်ကွယ်မှာ ဒီလိုလက်နက်တွေထောက်ပံ့နေတာများ ရှိပါသလား။ ဒါတွေကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့တာ ရှိပါသလား။

**ဖြေ။** ။ အများကြီးရှိပါတယ်ဗျ။ အဲဒါတွေကတော့ ပြီးခဲ့တဲ့နှစ်ကစပြီး ဒီဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကနေပြီးတော့ ထောက်ပံ့တဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ များစွာပါဝင်ပတ်သက်နေတာကို ကျွန်တော်တို့တွေ့ပါတယ်။ အဲဒီတော့ အဓိကက မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ကေအိုင်အေလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကနေပြီးတော့ ထောက်ပံ့ပေးခဲ့တာ တော်တော်အများကြီး ကျွန်တော်တွေ့ပါတယ်။ ဒုတိယကတော့မြန်မာနိုင်ငံရဲ့ အရှေ့တောင်ပိုင်း ကေအင်န်ယူလက်နက်ကိုင်သောင်းကျန်းသူရဲ့ နယ်မြေကနေပြီးတော့ ရယူခဲ့တာ ကျွန်တော်တို့တွေ့ပါတယ်။ ဒီဟာတွေ တော်တော်များများကတော့ ပြည်တွင်းပြည်ပကနေပြီး နည်းလမ်းပေါင်းစုံနဲ့ ထောက်ပံ့ကြတဲ့ ငွေကြေးတွေကနေပြီး တရားမဝင်လက်နက်ကိုင်၊ လက်နက်ရောင်းချတဲ့ အဖွဲ့အစည်းတွေကနေဝယ်ယူပြီးတော့မှ ထောက်ပံ့ပေးနေတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့ ဒီဩဂုတ်လကုန်အထိပေါ့လေ။ ပစ္စတို၊ မောင်းပြန်ရိုင်ဖယ် စသည်ဖြင့် ဒါတွေအကုန်လုံးပေါင်းလိုက်ရင် သုံးထောင်နီးပါးလောက် ဖမ်းဆီးရမိခဲ့တာရှိပါတယ်။ အလားတူပဲ ကျည်ဆန်ဆိုရင် သုံးသိန်းကျော်လောက် ဖမ်းဆီးရမိခဲ့တာရှိတယ်။ ဒါတွေကတကယ်တမ်းတော့ အင်မတန်ကြောက်မက်ဖွယ်ရာကောင်းတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့လည်း သူတို့ပို့ဆောင်ရေးလမ်းကြောင်းတွေကိုလည်း တတ်နိုင်သလောက် ရှာဖွေဖော်ထုတ်ပြီးတော့ ဖမ်းဆီးနေတာ၊ ဖမ်းနေတာမျိုးလည်း လုပ်နေပါတယ်။ ကျွန်တော်ထင်ပါတယ်။ တစ်ချိန်မှာတော့ ဒါတွေအကုန်လုံး ပျောက်ကွယ်သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး။** ။ ဒီကိစ္စကို အပြီးသတ်ဖြေရှင်းဖို့အတွက် အချိန်တစ်ခု လိုတယ်ဆိုတဲ့အချိန်မှာ အချိန်အားဖြင့် ဘယ်လောက်လိုအပ်မယ်လို့ခန့်မှန်းပါသလဲ။

**ဖြေ။** ။ အချိန်ကို ခန့်မှန်းဖို့နည်းနည်းတော့ခက်တယ်။ ကျွန်တော် အခုဆိုလို့ရှိရင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းတွေပါ ကျွန်တော်တို့အစိုးရကနေ သတ်မှတ်ထားတဲ့ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းရှိပါတယ်။ EAOs လို့ ကျွန်တော်တို့ခေါ်ကြပါတယ်။ ဒီအဖွဲ့တွေနဲ့ကျွန်တော်တို့က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ဖိတ်ခေါ်ပြီးတော့ လုပ်နေပါတယ်။

စာမျက်နှာ ၄ သို့ ❍

○ စာမျက်နှာ ၃ မှ

သူတို့နဲ့ကျွန်တော် အခုတွေ့ဆုံတာ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှု တွေရနေပါပြီ။ အဲဒီကနေပြီးတော့ သူတို့ဘာကို ဖြစ်ချင်တာလဲ။ တိုင်းပြည်ဘာဖြစ်သင့်သလဲ။ ဒီလိုမျိုးညှိနှိုင်းပြီးတော့ ဖြစ်နိုင်တာဘာရှိမလဲ။ ဆိုတာကိုကျွန်တော်တို့ အဖြေရှာမှာဖြစ်ပါတယ်။ အဲဒီအဖြေရှာပြီးတဲ့ အချိန်မှာတော့ ခုနပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထဲကနေ၊ နယ်မြေတွေကနေ၊ လမ်းကြောင်းတွေကနေ ထောက်ပံ့ပေးနေတဲ့ဟာတွေ ရပ်တန့်သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ ဆူပူအကြမ်းဖက်မှုမှာ အမျိုးအစားနှစ်ခု ခွဲထုတ်လို့ရပါတယ်။တစ်ခုကတော့တိုင်းရင်းသားတွေရဲ့အခွင့်အရေးကိုတောင်းဆိုတဲ့ အရင်လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ဒါတွေ ကျွန်တော်တို့ရှိပါတယ်။ ဒုတိယကတော့ ၂၀၁၁ ခုနှစ်ကတည်းက ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ခဲ့ပြီးတော့မှ ကျွန်တော်တို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ ကျွန်တော်တို့ ရှိတယ်။ အဲဒါ ၁၀ ဖွဲ့ရှိတယ်။ နောက်လက်မှတ်ရေးထိုးမထားရသေးတဲ့အဖွဲ့က ခြောက်ဖွဲ့ကျန်ပါသေးတယ်။ ဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့က အခုဆွေးနွေးနေတာပါ။ နောက်တစ်ဖွဲ့က ဘာလဲဆိုရင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အပေါ်မှာမူတည်ပြီးဖြစ်ပေါ်လာတဲ့ ဆူပူအကြမ်းဖက်တဲ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေကတော့ ရွေးကောက်ပွဲရလဒ်အပေါ်မှာဖြစ်လာတဲ့ အကြမ်းဖက်မှုလုပ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ဆွေးနွေးစရာအကြောင်းမရှိဘူး။ သူတို့က ရွေးကောက်ပွဲရလဒ်အပေါ်မှာမူတည်ပြီး ဖြစ်လာတယ်။ ရွေးကောက်ပွဲဟာလည်း မဲမသမာမှုကြောင့်ဖြစ်လာတဲ့ဟာကို တရားဥပဒေနည်းလမ်းအရ ဖြေရှင်းဖို့အတွက် ကျွန်တော်တို့ တောင်းဆိုတဲ့အချိန်မှာ တရားဥပဒေနည်းလမ်းအရ မဖြေရှင်းဘဲနဲ့ ဒီဆူပူအကြမ်းဖက်မှုနဲ့ ပြီးတော့ ဒီလမ်းကြောင်းပေါ်မှာသွားတဲ့ အဖွဲ့အစည်းတွေဆိုတော့၊ ဒါတော့ ဥပဒေအရ ကျွန်တော်တို့ သွားရမယ်။ အဲဒီတော့ ခုနပြောခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ လက်မှတ်ရေးထိုးပြီးသား အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ ဆွေးနွေးနေတာရှိတယ်။ ဒါပေမယ့် လက်မှတ်ရေးထိုးမထားတဲ့ အဖွဲ့အစည်းနဲ့ ဆွေးနွေးဖို့ကျန်သေးတဲ့ အဖွဲ့တွေရှိတယ်။ သူတို့ကို ကျွန်တော်ဖိတ်ခေါ်ထားတယ်။ အဲဒီလိုဖိတ်ခေါ်ချက်တွေဟာ သူတို့နိုင်ငံရေးမျှော်မှန်းချက်အပေါ်မှာ လာရောက်ဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ ဒါကတော့ အောင်မြင်မှုရမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်မှာ နိုင်ငံရေးရည်မှန်းချက်နှစ်ချက်ပေးထားပါတယ်။ တစ်ခုကတော့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ကျွန်တော့်နိုင်ငံက မလွဲမသွေလျှောက်လှမ်းရမယ်။ ဒုတိယကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်မယ်ဆိုတာ ကျွန်တော်တို့ပေးထားတယ်။ ဒါကလူတိုင်းလိုချင်တဲ့ သဘောအယူအဆတောင်းဆိုချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီအပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့က လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပပျောက်လိမ့်မယ်လို့ ပြောခြင်းဖြစ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

**မေး။ ။ မြန်မာနိုင်ငံ စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါဒဏ်ခံရပြီးနောက်ပိုင်းမှာလည်း နိုင်ငံတော်တော်များများဟာ စီးပွားရေး အားနည်းနေတာ ရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေအတွင်းမှာ ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ ဖြစ်နိုင်မလား၊ သင့်တော်မလား။**

**ဖြေ။ ။** ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းခဲ့တာတော့ မှန်ပါတယ်၊ ကိုဗစ်-၁၉ ဖြစ်တာ ၂၀၂၀ ပြည့်နှစ် မတ်လမှာ မြန်မာနိုင်ငံမှာစတွေ့တာပေါ့၊ အဲဒီမတိုင်ခင် စီးပွားရေးကျဆင်းနေတယ်ဆိုတဲ့ ကိန်းဂဏန်းတွေနဲ့ ဖော်ပြနေတော့၊ အဲဒီအရှိန်ကြောင့် ကိုဗစ်-၁၉ ဖြစ်တဲ့အချိန်ပိုဆိုးခဲ့တယ်။ ဒုတိယကတော့ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာတာကြောင့် စီးပွားရေးမလည်ပတ်နိုင်တဲ့အတွက် ကျဆင်းခဲ့တာတွေရှိပါတယ်။ သို့သော်လည်းပဲ အခု ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်လာနိုင်တယ်။ ဆူပူအကြမ်းဖက်မှုတွေကိုလည်း တော်တော်ကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်လာပါပြီ။ ဒါကြောင့် စီးပွားရေးက တည်ငြိမ်စပြုလာနိုင်ပြီလို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ စီးပွားရေး ပြန်လည်ဦးမော့လာအောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ အဲဒီတော့ နိုင်ငံရေးနဲ့ စီးပွားရေး ဆက်စပ်နေပါတယ်။ စီးပွားရေးကျဆင်းမယ်ဆိုရင် နိုင်ငံရေးက နည်းနည်းမတည်မငြိမ်ဖြစ်တတ်တဲ့ သဘောသဘာဝရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က စီးပွားရေးကောင်းမွန်အောင် ပြန်လုပ်နေပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်မှာ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာ တတိယအကြိမ် ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ်လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၅ မြို့နယ် ပြုလုပ်နိုင်တယ်။ ဒုတိယအကြိမ်လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၃ မြို့နယ် ပြုလုပ်နိုင်တယ်။ တတိယအကြိမ်လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၁၅ မြို့နယ်သာ ရွေးကောက်ပွဲလုပ်နိုင်ခဲ့တယ်။ ဒီမိုကရေစီမှာ ရွေးကောက်ပွဲက သိပ်အရေးကြီးပါတယ်။ ရွေးကောက်ပွဲဖြစ်ပြီးမှသာ ရွေးကောက်ပွဲကတက်လာတဲ့ အမတ်တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး တခြားနိုင်ငံတော်အဆင့်က ဖွဲ့စည်းပြီး တာဝန်ပေးတာတို့၊ ရွေးချယ်တာတို့ လုပ်ပါတယ်၊ ဆိုလိုတာကတော့ ပြည်သူတွေက ဒီအခွင့်အရေးကို အားလုံးရဖို့လိုတယ်။

မြို့နယ်တစ်ခုမှာ ရွေးကောက်ပွဲလုပ်တိုင်း လုပ်နိုင်တဲ့ အရေအတွက်က ကျသွားတယ်ဆိုရင် အဲဒီနေရာမှာရှိတဲ့ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးတာကို ဖော်ပြတာဖြစ်တယ်။ တကယ်တော့ ရွေးကောက်ပွဲမှာ ပြည်သူတွေအားလုံး ဒီမိုကရေစီအခွင့်အရေးကို ရပိုင်ခွင့်ရှိပါတယ်။ ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ရွေးကောက်ပွဲပြုလုပ်နိုင်ရေး ဖြစ်ပါတယ်။ ဒါကြောင့် စောစောက ခင်ဗျားမေးခဲ့တဲ့မေးခွန်းထဲက ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုပါတယ်။ ဒါတွေက ရွေးကောက်ပွဲနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ကျွန်တော် ငြိမ်းချမ်းရေးရအောင်လုပ်ပြီးတော့မှ အဲဒီနယ်မြေတွေမှာရှိတဲ့ ပြည်သူတွေ ရွေးကောက်ပွဲကိုဝင်နိုင်အောင် ကြိုးစားနေတာဖြစ်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံးတော့ ကျွန်တော်ကြိုးစားဆောင်ရွက်နေပါတယ်။ ရွေးကောက်ပွဲ ဖြစ်ရေး/မဖြစ်ရေးဆိုတာကတော့ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးအားကောင်းလာဖို့ နိုင်ငံရေးတည်ငြိမ်အေးချမ်းဖို့ ဒီအပေါ်မှာ အများကြီးတည်ပါတယ်။ တတ်နိုင်သလောက် ကျွန်တော်တို့ ပြောထားတဲ့အတိုင်း ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်နေတယ်ဆိုတာ ပြောလိုပါတယ်။

ဒီမှာလည်းတစ်ချက်ရှိတာပေါ့၊ ရွေးကောက်ပွဲဆိုတာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ပဲ။ နောက်ပြီးတော့ အပြင်ကနေဖိအားတွေပေးပြီးတော့မှ မဲထည့်စေတဲ့ဖြစ်ရပ်မျိုး မဖြစ်ဖို့လိုပါတယ်။ ပြည်သူတွေ လွတ်လွတ်လပ်လပ် မဲပေးပိုင်ခွင့်ရှိဖို့ သိပ်အရေးကြီးပါတယ်၊ ဒါမှသာ သူတို့ရဲ့ ခံစားချက်ကို သူတို့ဆန္ဒ ဖော်ထုတ်ခွင့်ရမှာဖြစ်ပါတယ်။ ဒါက ဒီဟာကိုရအောင် ကျွန်တော်တို့ ကြိုးစားနေတာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

❂ ရှေ့ဖုံးမှ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဒေသခံပြည်သူ ၂၂၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၉၅ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၃၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၇၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၁၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၈၃၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၁၁၅၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၂**

မန္တလေး တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အဖွဲ့များ၊ မြို့မိမြို့ဖများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းအဆင့်) ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ အနုပညာရှင်များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများနှင့် ပြိုင်ပွဲဝင်အဖွဲ့များ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့

ဝဏ္ဏ(TGI)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့သည် ရုရှား-မြန်မာဆက်ဆံရေး သမိုင်းစာမျက်နှာတွင် မှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်နိုင်သည့်နေ့ဟု ဆိုနိုင်သည်။ မကြာမီ ၇၅ နှစ်ကာလတိုင်တော့မည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့မှုသမိုင်းတွင် ယခင်ကာလများကလည်း ယခုနှယ်မှတ်တိုင်များ ရှိခဲ့ဖူးသည်။ အတိတ်သမိုင်းလှခဲ့သလို ယခုမျက်မှောက်ကာလတွင် မှတ်တိုင်အသစ်အဖြစ် စိုက်ထူနိုင်မှုသည် ရှိရင်းစွဲသော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ထောက်မကူညီခဲ့မှုအတွက် သက်သေဟု ဆိုနိုင်သည်။

**အိမ်ရှင်နှင့် ဧည့်ကောင်းဆောင်ကောင်း ခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံဆွေးနွေးမှု**

ခမ်းနားထည်ဝါလှသော ဗလာဒီဗော့စတော့ခ်မြို့ရှိ FEFU Compus သည် ယနေ့တွင် ပိုမိုလင်းလက်သည့် အသွင်အပြင်ဖြင့် တည်ငြိမ်စွာရှိနေသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ H.E. Vladimir Vladimirovich Putin သည် အိမ်ရှင်၏ကြိုလင့်မှုဖြင့် စောင့်စားသည်။ အိမ်ရှင်နှင့်ဧည့်ကောင်းဆောင်ကောင်း ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုသည် မကြာမီကာလတွင် စတင်တော့မည်ဖြစ်သည်။ မကြာမတင်သောအချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် လာရောက်တွေ့ဆုံသည့်အခါ ကနဦးစတင်နှုတ်ဆက်မှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ နှုတ်ထွက်စကားသည် ''မင်္ဂလာပါ'' ဟူသော မြန်မာစကားစု။

များပြားမှုမရှိသော စကားစုတွင် အဓိပ္ပာယ်များစွာပါသည်။ ကောင်းခြင်းများသာ စုစည်းရရှိပါစေဟု ဆုမွန်ကောင်းစကား ဆိုသည်ဟု ပြောနိုင်သကဲ့သို့ နှစ်နိုင်ငံလုံးအတွက် မင်္ဂလာမည်သည့်အကြောင်းအရာများကို ဆွေးနွေးကြပါစို့ဟု ပဋိသန္ဓာရစကားဆိုခြင်းဟုလည်း မှတ်ယူနိုင်သည်။ အဓိပ္ပာယ်များစွာပါသောစကားစုဖြင့် နှုတ်ဆက်ပြီး နွေးနွေးထွေးထွေးဖြင့် လက်ဆွဲနှုတ်ဆက်သည်။ တစ်ခဏသောလက်ဆွဲ နှုတ်ဆက်မှုတွင် အဓိပ္ပာယ်များစွာပါ၍ ခေါင်းဆောင်နှစ်ဦး၏ အပြုံးမှာ အသက်ဝင်လွန်းလှသည်။ စီမံခန့်ခွဲနေရသည့် ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်၊ ကြိုးပမ်းချက်များမှာ တင်းတင်းဆွဲကိုင်လိုက်ကြသော လက်အစုံတွင် မြင်နိုင်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင် Mr.Putin ၏ ကနဦးစကားတွင် ရုရှား-မြန်မာနှစ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်တွင် ပြည့်မြောက်မည့် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်မြောက် အခမ်းအနားကို ဂုဏ်ပြုဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် စသည်။ ကမ္ဘာ့စံနှုန်းသတ်မှတ်ချက်များအရ(၇၅)နှစ်မြောက်ကို စိန်ရတုဟု သတ်မှတ်သည်။ စိန်ဟူသည်က ကမ္ဘာတွင် မာဂုဏ်အမြင့်ဆုံး၊ တန်ဖိုးအမြင့်ဆုံးသော ရတနာဟုသိထားရသည်မို့ အတိတ်အရ၊ နိမိတ်အရပင် လွန်စွာလေးနက်လှသည်ဟု ဆိုနိုင်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**အရှေ့တောင်အာရှတွင်ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ**

ဆက်လက်ပြောကြားမှုတွင် မြန်မာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ သဘောထားက ကျေနပ်ဖွယ်ကောင်းလှသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ၊ တစ်နည်းအားဖြင့် မဟာမိတ်နိုင်ငံဟု ညွှန်းသည်။ ရှည်လျားလှသော သမိုင်းကြောင်း၏ အကဲဖြတ်ချက်အရ ထွက်ပေါ်လာသည့် စကားစုဟု သုံးနှုန်းလျှင်မှားမည်မထင်ပါ။ နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းတစ်လျှောက် တိုးတက်လာသည့် ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း အလားအလာကောင်းများစွာရှိမှုနှင့် ယခုဖိုရမ်ကို တက်ရောက်လာမှုအပေါ် ကျေးဇူးတင်စကားလည်းဆိုသည်။ တည်ငြိမ်သည့် အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အပြန်အလှန်ကျေးဇူးတုံ့ပြန်စကားဖြင့် စသည်။ **နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကာလကို ညွှန်းဆိုရင်း ထူးခြားသည့်သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ အနိမ့်၊ အမြင့်မျိုးစုံသော ဆက်ဆံရေးသမိုင်းနှင့် လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော်ကာလမှစတင်၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမှုကို အရှိန်အဟုန်ဖြင့်ဟူသော အထူးပြုစကားလုံးဖြင့် ညွှန်းဆိုသည်။ လွန်ခဲ့သည့် နှစ် ၃၀ ခန့်တွင် ရုရှားနိုင်ငံရင်ဆိုင်ခဲ့သည့် အခက်အခဲအပေါ် လက်ရှိသမ္မတကြီးတာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာမှု၊ ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိလာမှုနှင့်အတူ ကမ္ဘာ့အရေးကိစ္စများတွင်ရပ်တည်ဆောင်ရွက်နေမှုများကို ဂုဏ်ပြုစကားဖြင့် ဖော်ပြသည်။**

**နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကာလကိုညွှန်းဆိုရင်း ထူးခြားသည့်သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ အနိမ့်၊ အမြင့်မျိုးစုံသော ဆက်ဆံရေးသမိုင်းနှင့် လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော်ကာလမှစတင်၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမှုကို အရှိန်အဟုန်ဖြင့်ဟူသော အထူးပြုစကားလုံးဖြင့် ညွှန်းဆိုသည်။ လွန်ခဲ့သည့် နှစ် ၃၀ ခန့်တွင် ရုရှားနိုင်ငံရင်ဆိုင်ခဲ့သည့် အခက်အခဲအပေါ် လက်ရှိသမ္မတကြီးတာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာမှု၊ ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိလာမှုနှင့်အတူ ကမ္ဘာ့အရေးကိစ္စများတွင် ရပ်တည်ဆောင်ရွက်နေမှုများကို ဂုဏ်ပြုစကားဖြင့်ဖော်ပြ**

လာမည့်အနာဂတ်ကာလတွင် ရုရှားနှင့်မြန်မာ **နှစ်နိုင်ငံကြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း ထည့်သွင်းပြောဆိုသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့ စသည့်ကန့်သတ်ချက်မပါ။ ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍနယ်ပယ်က မနည်းလှ။** မကြာမီက ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် Army Game ကဲ့သို့သော ကာကွယ်ရေးဆိုင်ရာပူးပေါင်းလေ့ကျင့်ဆောင်ရွက်မှုများကလည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါပေလိမ့်မည်။ ကျယ်ပြောလှသည့် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍတွေကလည်း ဦးစားပေးအဆင့်ထဲမှာ ပါပေလိမ့်မည်။ တစ်ပွင့်တည်းသောပန်းအတွက် ရည်ရွယ်ခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်သည်ဟု ဆိုရပေမည်။

**ကမ္ဘာ့အရေး၊ တောင်အာရှနှင့်အရှေ့တောင်အာရှဒေသအရေးများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံကို ကာကွယ်ပိုင်ခွင့် အပြည့်အဝရှိသည်။ ကိုယ့်နိုင်ငံ၊ ကိုယ်၏ပြည်သူပြည်သားများကို ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်ဟုဆိုသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူ၊ ပြည်သားများကို စောင့်ရှောက်ကာကွယ်နေကြသည်ကိုလည်း တွေ့နိုင်ပါကြောင်း၊ အနောက်နိုင်ငံကြီး တစ်နိုင်ငံအနေဖြင့်လည်း ၎င်းတို့နိုင်ငံ၏ စစ်အင်အားနှင့် ဩဇာအာဏာကို ဖြန့်ကြက်လုပ်ဆောင်မှုများရှိနေပြီး အရှေ့အာရှဒေသနှင့် အာဆီယံဒေသသို့လည်း တိုးချဲ့ရန်လုပ်ဆောင်နေသည်ကိုတွေ့ရှိရကြောင်း စသည့် ကမ္ဘာ့အရေး၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသအရေးများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသည်။

မြန်မာဟူသော နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာ့ကြည့် ကြည့်မြင်ထားသည့် နိုင်ငံ့ခေါင်းဆောင်၏အပြောတွင် သတိပြုရမည့် အချက်အလက်များပါသည်။ ဩဇာခံဟူသော အသုံးအနှုန်း၊ လက်အောက်ခံဟူသော ယူဆချက်အရိပ်များ ထိန်းချုပ်ခံရခြင်း၊ ကန့်သတ်ခံရခြင်း၊ ပိတ်ဆို့ခံရခြင်း စသည့်အပျက်သဘောများကိုလည်း မြန်မာအပေါ် မသက်ရောက်စေလိုတာကို သတိပြုမိသည်။ မြန်မာအပေါ်ထားရှိသည့် အကြီးအကဲ၏ စေတနာကားမနည်းလှ။

ရုရှားသမ္မတကြီးကလည်း နိုင်ငံတကာကို မျက်ခြည်မပြတ်လေ့လာဆွေးနွေးမှုအပေါ် သူ၏ထင်မြင်ယူဆချက်ကို ပြောသည်။ ခေါင်းဆောင်နှစ်ဦး၏ နိုင်ငံတကာ၏ လှုပ်ရှားဆောင်ရွက်နေမှုများအပေါ် မြင်ချက်အရ အနည်းငယ်မျှကွဲပြားနိုင်သည့်တိုင် နိုင်ငံအပေါ်ထားရှိသည့် စိတ်စေတနာတို့မှာ ထပ်တူနီးပါးမျှသာ။ ရှိရင်းစွဲ သံတမန်ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်နိုင်မည့် အခြေအနေ၊ ဆက်စပ်သည့် ကော်မရှင်များတိုးချဲ့၍ နှစ်နိုင်ငံစီးပွားရေးပေါင်းကူးတံတားများအဖြစ် ဖွင့်လှစ်ဆောင်ရွက်ရန်တို့ကိုလည်း တိုက်တွန်းသည်။

ဆက်လက် ပြောကြားချက်များတွင်လည်း မြန်မာအတွက် အားတက်စရာတွေပါသည်။ တိုးချဲ့ဖွဲ့စည်းမည့်၊ တစ်နည်းအားဖြင့် စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းမည့် ကော်မရှင်မှ အခြေတည်သည့် စီးပွားရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ရန် ခြေလှမ်းပြင်ဆင်နေမှုကိုလည်း ဆိုသည်။ လတ်တလော ကမ္ဘာနှင့်အဝှမ်းရင်ဆိုင်နေရသည့် လောင်စာဆီကိစ္စ ရှေ့ဆက်ဆောင်ရွက်လိုမှုများကို ပြောသည်။ တိုးတက်ထွန်းကားလာမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူရေး၊ ရေနံချက်စက်ရုံ တည်ဆောက်ရေးစသည့် လုပ်ငန်းများဆောင်ရွက်ရန် သူအားပေးကြောင်း၊ ထောက်ခံကြောင်းဖြင့် မီးစိမ်းပြသည်။ လတ်တလောရင်ဆိုင်နေရသည့် လောင်စာဆီဈေးနှုန်း ကြီးမြင့်မှုအတွက် အေးမြသည့် အသွင်အပြင်ရှိသည့် ရလဒ်ကောင်းကလက်တစ်ကမ်းဟုပင် သတ်မှတ်နိုင်သည်ဟု ဆိုနိုင်သည်။

**မြန်မာနိုင်ငံအတွက် သတင်းအချက်အလက်မျှဝေနိုင်ရေးအတွက် စီမံကိန်းကြီးတစ်ခု**

သို့နှယ်သော အကြောင်းအရာဖြင့် အစပျိုးသည့် မင်္ဂလာသတင်းသည် ဤမျှနှင့်မပြီးသေး။ မြန်မာနိုင်ငံအတွက် သတင်းအချက်အလက်မျှဝေနိုင်ရေးအတွက် စီမံကိန်းကြီးတစ်ခုကိုလည်း ဆောင်ရွက်လိုမှုကို ဆိုသည်။ စီမံကိန်းကြီးအတွက်စကားဆိုရာမှာ ရုရှားခေါင်းဆောင်၏ ဆွေးနွေးမှုတက်ကြွနေသလို မြန်မာ့ခေါင်းဆောင်အနေဖြင့်လည်း အပြုံးဖြင့်တုံ့နှင်းသည်။ နိုင်ငံအတွက်ဟူသောခံယူချက် နှစ်ဖက်ခေါင်းဆောင်များ၏ ကိုယ်စီအတွေးတွင် ပြည့်နေပေလိမ့်မည်။ နှစ်နိုင်ငံအစိုးရနှစ်ရပ်ကြား E-Government System ထူထောင်မှုအတွက် ဝမ်းမြောက်ကြိုဆိုမှုအခြေအနေကိုလည်း ရှင်းပြသေးသည်။ တိုးတက်လာသည့် နည်းပညာခေတ်တွင် နှစ်နိုင်ငံ၏ အပြန်အလှန်ဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့်နယ်ပယ်များအတွက် လျှင်မြန်သည့်အဟုန်ဖြင့် ကူးလူးဆက်သွယ်ဆက်ဆံရေးကို ဆောင်ရွက်နေသည့် အခြေအနေကား အားရဖွယ်ကောင်းလှသည်။

ဆက်လက်၍ဟုဆိုရမည့် ဆွေးနွေးမှုတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးစနစ်တွင် သူတို့၏ပါဝင်ပူးပေါင်းဆောင်ရွက်လိုမှုဖြင့် စကားဆိုသည်။ ကမ္ဘာ့ဓာတ်မြေဩဇာထုတ်လုပ်မှု အကြီးဆုံးနိုင်ငံပီပီ ကူညီဆောင်ရွက်ပေးနိုင်မှု၊ စိုက်ပျိုး ထွက်ကုန်များကို ကူးသန်းရောင်းဝယ်မှုတို့အတွက် သူ၏မျှော်မှန်းချက်၊ ဆောင်ရွက်နိုင်မှုတို့ကိုလည်းဆိုသည်။

တစ်ခေတ်တစ်ခါက စကားစုတစ်ခုရှိဖူးသည်။ “ဆီကို ရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါးတောင်လိုပုံ” ဟုဆိုသည်။ ခေတ်ပြောင်း၊ စနစ်ပြောင်းနှင့် ရာသီဥတုစသည့် ပြောင်းလဲမှုများကြားတွင် ထိုစကားမှေးမှိန်စပြုခဲ့သည်မှာ အချိန်ကာလတစ်ခုသို့ပင် တိုင်ခဲ့ပြီ။ ယခုထိုစကားစု တစ်ခေတ်ပြန်ဆန်းလာမည်လောဟု အတွေးဝင်မိသည်။ ပန်းတိုင်ကိုမြင်ယုံသာမဟုတ် လှမ်းကိုင်နိုင်မည့်အခြေအနေသို့ပင် ရောက်လုပြီဟု ထင်လျှင်မှားမည်မဟုတ်ပေ။ **စာမျက်နှာ ၆ သို့** ❖

❖ စာမျက်နှာ ၅ မှ

တစ်ကျော့ပြန်လာနိုင်သည့် ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးပေးအပ်လိုမှု၊ ဆရာဝန်များကို မွမ်းမံသင်တန်းများ ဆောင်ရွက်ပေးလိုမှု၊ ဘာသာစကားသင်ယူမှု၊ ပြန်ကြားရေးကဏ္ဍ တိုးမြှင့်စေလိုမှုတို့နှင့်ပတ်သက်၍ ဆောင်ရွက်လိုသည်များကိုလည်း အကျဉ်းချုပ်သောစကားဖြင့် ဆိုသည်။ အကျဉ်းချုပ်စကားဆိုသော်ငြား မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက်မူ ကျယ်ပြောလှသည့်ဆောင်ရွက်မှုများပင်ဖြစ်သည်။

**ဤခရီးနီးသလားဆိုလျှင် နီးသည်ဟု ဝင့်ဝင့်ကြွားကြွား ဆိုနိုင်မည့်အနေအထား**

မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ကာကွယ်ရေးနယ်ပယ်၊ နည်းပညာဆိုင်ရာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။ မြန်မာ့တပ်မတော်အတွက် (ကြည်း၊ ရေ၊ လေ)နယ်ပယ်စုံ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်းဖြစ်၍ အချိန်အတန်အသင့်တော့ကြာသည်။ ခေတ်မီမျိုးချစ်တပ်မတော်ဟု မြန်မာ့တပ်မတော်ကို ညွှန်းလေ့ရှိသည်။ အမျိုးချစ်သည့်စိတ်ကမူ တပ်မတော်၏ရှိရင်းစွဲ။ အတန်ငယ်မျှဖြည့်စွက်ရန် ကျန်နေသည်က ခေတ်မီဟူသောစကားလုံးအတွက်သာ။ ယခုထိုစကားလုံးအတွက် တစ်လှမ်းမကသော ခြေလှမ်းများကို လှမ်းနေသည်။ ရှေ့သို့ချီနေသည်။ ဤခရီးနီးသလားဆိုလျှင် နီးသည်ဟု ဝင့်ဝင့်ကြွားကြွားဆိုနိုင်မည့် အနေအထားပင်ဖြစ်သည်။

နိုင်ငံ့အကြီးအကဲ၏ ပြန်လည်ဆွေးနွေးမှုသည်လည်း တက်တက်ကြွကြွရှိလှသည်။ လက်ရှိတာဝန်ယူထားသည့်ကာလတွင် မကြာတော့သည့်ကာလမှသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ဆောင်နေမှုများကို ရှင်းပြသည်။ အဓိကအကျဆုံးသော အချက်အဖြစ် ဆိုစကားတွင် အလေးအနက်ထားမှတ်သားသင့်သည့် အချက်များပါသည်။ အဓိကတာဝန်ထမ်းဆောင်နေမှုမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးဟုဆိုသည်။ ဆက်စပ်ချိတ်ဆက်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့် အားလျော်စွာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်နေမှုအခြေအနေ၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်နေမှု စသည်တို့ကိုလည်း အကျယ်တဝင့်ဆွေးနွေးသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပမည်၊ မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ဒီမိုကရေစီလမ်းကြောင်းကိုသွားမည်၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ ဖိအားကင်းစင်သည့်ရွေးကောက်ပွဲကို ဖြစ်အောင်ဆောင်ရွက်မည်ဟူသော ဆွေးနွေးချက်များတွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသောသန္နိဋ္ဌာန်စိတ်၊ တိုင်းပြည်အပေါ်ထားရှိသော စေတနာတို့ကို မြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် ဆွေးနွေးချက်များသာ။ ချစ်ကြည်ရင်းစွဲဖြစ်သည့်ဆက်ဆံရေးကို အရင်းတည်သည်မို့ နှစ်ဖက်ကျေနပ်ဖွယ်ရာ အကြောင်းအရာများကို အပြည့်အဝ ဆွေးနွေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

**မြန်မာနိုင်ငံသားများအတွက် သူပေးလိုသောစေတနာ၊ ရစေလိုသောစိတ်ဆန္ဒကို အဝေးမှပင်မြင်နိုင်**

အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံလုပ်ကိုင်လျက်ရှိသည့် ၇၀ ရာခိုင်နှုန်းမျှရှိသော ပြည်သူလူထုကို ဦးတည်သည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်ပေးသင့်သည့် ကိစ္စရပ်များကို ဆွေးနွေးခြင်းအတွက်ပင် အချိန်မနည်းလှ။ တောင်သူလယ်သမားဦးကြီးများသာမက စိုက်ပျိုး၊ မွေးမြူရေးနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်းပါသည်။ ဆက်စပ်သည့် စက်သုံးဆီကိစ္စလည်းပါသည်။ စက်သုံးဆီကိစ္စဆွေးနွေးမှု၏ ဘောင်ကမူ ဆက်စပ်ဆွေးနွေးနေသည့် တောင်သူဦးကြီးများအတွက်သာမက တစ်နိုင်ငံလုံးအတွက်ဟူသော ကျယ်ပြန့်သည့် နယ်ပယ်အဆင့်ကို ပြောင်းသည်။ မြန်မာနိုင်ငံ၏ တစ်နှစ်စက်သုံးဆီသုံးစွဲကုန်ကျမှုကို စာရင်းဇယားနှင့်တကွ စကားဆိုချိန်မှာ အချက်အလက်ကို နှုတ်တက်ဆောင်ထားနိုင်သည်အထိ မှတ်သားထားမှုကို မြင်ရသည်။ မြန်မာနိုင်ငံသားများအတွက် သူပေးလိုသောစေတနာ၊ ရစေလိုသောစိတ်ဆန္ဒကို အဝေးမှပင်မြင်နိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

**လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု၊ မြန်မာနိုင်ငံအတွက် ရတနာဆိုက်လာမည့် သဘာဝဓာတ်ငွေ့သိုက်များအခြေအနေ၊ ရုရှားနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရန်၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ သံမဏိအပါအဝင် သဘာဝတွင်းထွက်ပစ္စည်းများကို ကုန်ကြမ်းအဆင့် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောစနစ်ဖြင့် ထုတ်လုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းချက်များကိုလည်း ဆွေးနွေးသည်။ ကုန်ကြမ်းအဆင့်ထုတ်လုပ်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုး၊ အမြတ်နှင့် ကုန်ချောအဖြစ်ထုတ်လုပ်ခြင်းကြောင့် မြန်မာနိုင်ငံအတွက်ရရှိလာမည့် အကျိုးကျေးဇူးတို့ကို စေ့စေ့စပ်စပ်သုံးသပ်ခဲ့ကြောင်း ဤဆွေးနွေးချက်တွင်အဖြေပေါ်သည်။ တိုးတက်ရရှိလာမည့် နိုင်ငံ့ဘဏ္ဍာ၊ အမြောက်အမြားရရှိလာမည့် အလုပ်အကိုင်အခွင့်အလမ်း၊ အကျိုးဖြစ်ထွန်းလာမည့် နည်းပညာတိုးတက်မှုတို့အပါအဝင် နယ်ပယ်ပေါင်းစုံအတွက် လေ့လာဆန်းစစ်ချက်ကို ဆွေးနွေးမှုတွင် အထင်းသားမြင်နိုင်သည်။**

**ဒီဘက်ကမ်းမှာလည်း မီးထိန်စေရမည်**

ကျေးရွာမှသည်မြို့ပြ၊ မြို့ပြမှသည်ဒေသ၊ ၎င်းမှသည် နိုင်ငံအဆင့်ထိ ဖွံ့ဖြိုးတိုးတက်စေမှုတွင် လျှပ်စစ်ကဏ္ဍသည်လည်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီဟူသော ဆောင်ပုဒ်အတွက်လည်း လျှပ်စစ်သည်မဖြစ်မနေရှိရသည်။ ထို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဟုခေါ်သည့် ရေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ပြုစုထားသည့်အချက်အလက်များအရ အောင်မြင်စွာဆောင်ရွက်နိုင်မှု၊ လာရောက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလည်း မမေ့မလျော့ ထည့်သွင်းဆွေးနွေးသည်။ ဟိုဘက်ကမ်းက မီးထိန်ထိန်ဆိုသည့်အချိန်တွင် ဒီဘက်ကမ်းမှာလည်း မီးထိန်စေရမည်ဟု အကြီးအကဲကခံယူထားသည်။

တစ်ခုသောကာလတွင် လူများအနေဖြင့် နျူကလီးယားဟူသည် လူများအတွက် အန္တရာယ်ရှိနိုင်သည်ဟူသောအတွေးဖြင့် နေထိုင်ခဲ့ဖူးသည်။ ၎င်းအတွေးအခေါ်ကို စစ်ပြီးကာလအချိန်အတိုင်းအတာတစ်ခုအထိ လက်ခံယုံကြည်ခဲ့ကြသော်ငြား ရွေ့လျားလာသောအချိန်၊ ပြောင်းလဲလာသော နည်းပညာတို့ဖြင့် နျူကလီးယားကို အကျိုးမဲ့စေသည်ဟူသောအမြင်မှ အသုံးချတတ်ပါလျှင် အကျိုးရှိလှသောအရာအဖြစ် ရှုမြင်မှု ပြောင်းလဲလာခဲ့သည်။ သို့သော်ငြား မြင့်မားသောနည်းပညာအခြေအနေအရ ပေါ့ပေါ့လျှံလျှံတော့ မသုံးနိုင်၊ ကမ္ဘာတစ်ဝန်းလက်ချိုးရေနိုင်သည့်ပမာဏမျှလောက်သော နိုင်ငံအချို့သာ သုံးစွဲနိုင်ခဲ့သည်။ ထိုအထဲတွင် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်မိတ်ဖက် ရုရှားလည်းပါသည်။

**မိတ်ကောင်းဆွေကောင်းဟူသည့် စကားရပ်နောက်တွင် အပြန်အလှန် အမှီသဟဲပြုခြင်း၊ အပြန်အလှန်ကူညီခြင်းတို့ပါသည်။ ထို့အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားဆဲ မြန်မာနိုင်ငံအနေဖြင့်လည်း နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး အခြားအကျိုးပြုကဏ္ဍများဖြစ်သည့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သုတေသနကဏ္ဍတို့တွင် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်သင့်သည်ကို အကြီးအကဲက သဘောထားမိသည်။** ထို့အတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ အသုံးချမည့် အခြေအနေအတွက် ငြိမ်းချမ်းသည့် နည်းပညာဖြင့်သုံးမည်။ ဤသည်ကပင် မြန်မာနိုင်ငံ၏ ရန်မမူအပြုသဘောဖြင့် တိုးတက်မှုကိုသာ ဆောင်ယူလိုကြောင်း လှစ်ဟပြသသည်။ သဘောတူညီချက်အရ လက်မှတ်ရေးထိုးမှုလည်း ဆောင်ရွက်ပြီးဖြစ်ရာ အကျိုးရလဒ်အား မြန်စွာရရှိနိုင်ရန်အတွက် လာမည့်နှစ်မှ စတင်အကောင်အထည်ဖော်မည်ဟု ဆွေးနွေးသည်။ အကြီးအကဲ၏ မြန်မာနိုင်ငံအား အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့်တိုးတက်စေလိုမှုဆန္ဒကား ကြီးမားပေစွ။

ပညာရေး၊ ယဉ်ကျေးမှုသတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး စသည့်နယ်ပယ်များအပါအဝင် ကမ္ဘာလှည့်ခရီးသွားကဏ္ဍအတွက် နှစ်နိုင်ငံကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ဗီဇာကိစ္စများအတွက်လည်း အသေးစိတ်ဆွေးနွေးသည်။ ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်၍လည်း ရုရှားနိုင်ငံ၏အခန်းကဏ္ဍအပေါ် အပြုသဘောဆောင်၍ဆွေးနွေးသကဲ့သို့ စီးပွားရေးကဏ္ဍအတွက် ဆောင်ရွက်စေလိုမှုကို အကြံပြုတိုက်တွန်းသည်။ ဟင်းကောင်းစားရလျှင် အမျိုးအဆွေကို သတိရသည်ဆိုသည့်စကားပုံကို အသက်ဝင်စေသည့် ဆွေးနွေးအကြံပြုမှုဟု နားလည်မိသည်။

**ညီညီညာညာချီတက်မည်ဟု သဘောသက်ဝင်**

ရုရှားနိုင်ငံ အကြီးအကဲဘက်ကလည်း ဆွေးနွေးမှုအပေါ် အားတက်သရောဟု ဆိုနိုင်သည်အထိ အပြုသဘောဆောင်သည့်တုံ့ပြန်မှုကို ပြုသည်။ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များသာမက ညှိနှိုင်းဆွေးနွေးချက်မှ ရရှိလာသည့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလုံးကို လက်တွေ့အကောင်အထည်ဖော်မည်။ ခိုင်မာစွာယုံကြည်မှုရှိသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည်များကို အစိုးရဘက်မှ တတ်စွမ်းသရွေ့ကူညီမည်။ ဆက်လက်ဆွေးနွေးမှုများ လုပ်မည်ဟုဆိုသည်။ မြန်မာနိုင်ငံ၏ ဒေသတွင်းနိုင်ငံများနှင့်ပတ်သက်သည့် အခန်းကဏ္ဍအတွက်လည်း ရုရှားက ဆောင်ရွက်ရန် ပြင်ဆင်နေမှုကို အချက်အလက်၊ အကြောင်းအရာအချို့ကို ကိုးကား၍ ပြန်လည်ဆွေးနွေးသည်။ ထိုက်သင့်သည့်အချိန်ကာလတစ်ခုအထိ အကြီးအကဲနှစ်ဦး၏ ဆွေးနွေးချက်များမှာ အသက်ဝင်လွန်းလှသည်။ စေတနာဆောင်သည့် ဆွေးနွေးမှုများဖြစ်၍ ချောချောမွေ့မွေ့ချည်းသာ တစ်ယောက်တစ်လက်တွဲ၍ ညီညီညာညာ ချီတက်မည်ဟု သဘောသက်ဝင်သည်။ မိတ်ဆွေရင်းများပီပီ ခရီးစဉ်ချောမွေ့အောင်မြင်ပါစေကြောင်း ဆုတောင်းစကားဆို၍ ရုရှားအကြီးအကဲက စကားကိုအဆုံးသတ်သည်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦး၏ဆွေးနွေးမှုကသာမန်တွေ့ဆုံချိန်ထက် ပိုများလှသည့် ဆွေးနွေးမှုဟု ဆိုနိုင်ပြီး ကျယ်ပြန့်လှသည့်ဆွေးနွေးမှုဟု ဆိုနိုင်သည်။ ဆွေးနွေးမှုသည် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို အရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကို ဆောင်သည့်ဘက်သို့လှမ်းသည်။ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက် ရလိုက်သည့်ရလဒ်က မနည်းလှ။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်နှင့်တွေ့ဆုံဆွေးနွေးမှုများသည် အမိမြန်မာပြည်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် ခရီးစဉ်ဖြစ်ပါသည်။ မြန်မာ့ဂုဏ်ကို မြှင့်တင်ပေးခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာ့ကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်ချက်သည် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆိုသည့် စကားရပ်အား ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်စေခြင်းဖြစ်ပါသည်ဟု မြန်မာ၏ လင်းလက်သော အနာဂတ်အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ရေးသားဖော်ပြလိုက်ရပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြစဉ်။

**❛ မိတ်ကောင်းဆွေကောင်းဟူသည့် စကားရပ်နောက်တွင် အပြန်အလှန် အမှီသဟဲပြုခြင်း၊ အပြန်အလှန်ကူညီခြင်းတို့ပါသည်။ ထို့အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားဆဲ မြန်မာနိုင်ငံအနေဖြင့်လည်း နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး အခြားအကျိုးပြုကဏ္ဍများဖြစ်သည့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သုတေသနကဏ္ဍတို့တွင် ရုရှားနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်ကို အကြီးအကဲက သဘောထား ❜**

# ဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းထံမှ ပေးပို့သည့်သဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်**

လူကုန်ကူးမှုသည် လူသားအချင်းချင်းစာနာမှု ကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော ခေတ်သစ်ကျေးကျွန်စနစ်အသွင် ပြဿနာတစ်ခု ဖြစ်ပါသည်။ လူကုန်ကူးမှုပြဿနာကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ခံစားနေရပြီး အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော နိုင်ငံများသည် လူကုန်ကူးမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ပိုမိုခံစားနေကြရပါသည်။ မျက်မှောက်ခေတ်တွင် လူကုန်ကူးမှုပြဿနာသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လာသဖြင့် ကမ္ဘာ့နိုင်ငံများက နည်းလမ်းမျိုးစုံဖြင့် ထိရောက်စွာ ကြိုးပမ်းအားထုတ် တားဆီးကာကွယ်ကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲဖြစ်ကြောင်း နိုင်ငံတကာမှ အသိအမှတ်ပြုဖော်ပြလျက်ရှိပါသည်။

**အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး မဟာဗျူဟာ (၃)ရပ်၊ နည်းဗျူဟာ(၄)ရပ် ချမှတ်ကာ ကာကွယ်တားဆီးခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂ(UN)မှ ပြဋ္ဌာန်းထားသည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNTOC)နှင့် ယင်း၏နောက်ဆက်တွဲ စာချုပ်သုံးခုအနက် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime)၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling of Migrants by Land, Sea and Air)တို့အား ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့ပြင် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်းသာမက ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ဘာလီလုပ်ငန်းစဉ်(Bali Process)၊ ၁၉၉၇ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် Bay of Bengal Initiative on Multi-Sectoral Technical and Economic Cooperation (BIMSTEC) တို့တွင်လည်း မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့နှင့်ပူးပေါင်း၍ ၂၀၀၄ ခုနှစ်မှစတင်ပြီး လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် အာဆီယံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အာဆီယံအထူးအဖွဲ့ခေါင်းဆောင်များအဖွဲ့တို့ကိုဖွဲ့စည်းကာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဆီယံကဏ္ဍအလိုက် ဆက်စပ်အဖွဲ့အစည်းများ (ASEAN Sectoral Bodies / Organs – SBOs)ဖြင့် ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘိုဟိုးလုပ်ငန်းစီမံချက်(၂၀၁၇ – ၂၀၂၀) (BWP 2017 – 2020)ကို ရေးဆွဲအကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**ပိုမိုအန္တရာယ်ကြီးမားလာ**

ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများ မြင့်တက်လာနေပြီး ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအကြား၌ ပိုမိုအန္တရာယ်ကြီးမားလာခဲ့ပါသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime – UNODC)၏ ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာအရ ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းသည် လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း လူကုန်ကူးမှု၏သဘောသဘာဝနှင့် ပြစ်မှုကျူးလွန်ခံရသည့် နစ်နာသူအရေအတွက်အပေါ် လွှမ်းမိုးခဲ့သည်မှာ မငြင်းသာကြောင်း၊ လူကုန်ကူးသူများသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုအပေါ် အခွင့်အရေးယူ၍ စီးပွားရေးလျော့ရဲမှုနှင့် ကလေးများနှင့် အရွယ်ရောက်ပြီးသူများ၏ အွန်လိုင်း တိုးမြှင့်သုံးစွဲသည့် အချိန်ပမာဏကို အခွင့်အရေးယူ၍ ကျူးလွန်လာကြကြောင်းတွေ့ရှိရသဖြင့် မိမိတို့၏တားဆီးနှိမ်နင်းရေးစွမ်းရည်နှင့် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုတိုးမြှင့်ရန် အရေးကြီးကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းလုံးအတိုင်းအတာအရ လွန်ခဲ့သော ကိုးလအတွင်း ဖြစ်ပွားသည့် အကျပ်အတည်းများကြောင့် လိင်ပိုင်းဆိုင်ရာနှင့် အဓမ္မခိုင်းစေခြင်းခံရသည့်နစ်နာသူများ ပိုမိုများပြားလာကြောင်း၊ ပြောင်းလဲတိုးတက်လာသော နည်းပညာများသာမက ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုမှု ပိုမိုများပြားလာသောကြောင့် လူကုန်ကူးသူများသည် အင်တာနက်နည်းပညာများ အသုံးပြု၍ လူစုဆောင်းမှုများ ပြုလုပ်လာကြကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျရောက်ခဲ့သည့် ၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ (World Day Against Trafficking in Persons 2020)တွင် လူကုန်ကူးမှုအား တားဆီးရန်အတွက် နည်းပညာကိုအသုံးပြုရန် တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာ ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် ပြည်တွင်းရေးအခြေအနေများနှင့် ပြည်ပဆွဲဆောင်မှုများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အသစ်များ ရှာဖွေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် အခြားနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက် (Demand Vacuum)နှင့် ဆက်နွှယ်နေကြောင်း တွေ့ရှိရပြီး တစ်နည်းအားဖြင့် ပြည်တွင်းလူကုန်ကူးမှုသည် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းသည် ပြည်ပသို့ လူကုန်ကူးမှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ လူကုန်ကူးခံရသူ ၅၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ကြသည်။ မိမိတို့နိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန်အတွက် ပွဲစားများမှ စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် အဓမ္မလုပ်အားခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ ဘဝရပ်တည်ရန် ခက်ခဲသူများအပေါ် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ Social Media ကို အသုံးပြု၍ စည်းရုံးခေါ်ဆောင်ရောင်းစားခြင်း စသည့်လူကုန်ကူးမှုပုံစံများ ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။ အဓမ္မစေခိုင်းမှုမှုခင်းများသည် ၆၁ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အဓမ္မပြည့်တန်ဆာအဖြစ်စေခိုင်းမှု ၂၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိကာ အဓမ္မလက်ထပ်မှု ၁၁ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် အဓမ္မမွေးစားမှု ၅ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

**အသိပညာများ မျှဝေလျက်ရှိ**

လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့်တေးသီချင်းများ ထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး (Billboard)များ စိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS များပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအတွက် အခြေခံပညာကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်အား ထည့်သွင်းပို့ချပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများအား အချိန်မီကယ်တင်နိုင်ရေးအတွက် ၂၄ နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တပ်ဆင်ကာ အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအား သတင်းအချက်အလက်များမျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများအား ဖွင့်လှစ်၍ အသိပညာများ မျှဝေလျက်ရှိပါသည်။

> “လူကုန်ကူးသူများသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုအပေါ် အခွင့်အရေးယူ၍ စီးပွားရေးလျော့ရဲမှုနှင့် ကလေးများနှင့် အရွယ်ရောက်ပြီးသူများ၏ အွန်လိုင်းတိုးမြှင့်သုံးစွဲသည့် အချိန်ပမာဏကို အခွင့်အရေးယူ၍ ကျူးလွန်လာကြကြောင်း တွေ့ရှိရသဖြင့် မိမိတို့၏ တားဆီးနှိမ်နင်းရေးစွမ်းရည်နှင့် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုတိုးမြှင့်ရန်အရေးကြီး
>
> လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်၍ နည်းပညာအသုံးပြု သတင်းဖလှယ်ရေးလုပ်ငန်းများ၊ စုံစမ်းထောက်လှမ်းအရေးယူမှုများအား ပြည်သူလူထု၏စည်းလုံးညီညွတ်မှုဖြင့် ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်”

**ပူးပေါင်းဆောင်ရွက်**

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်”ကို ထုတ်ဝေ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ မိတ်ဆက်ရှင်းလင်းခြင်း၊ လူကုန်ကူးခံရသူများ၏ လိုအပ်ချက်နှင့် အခွင့်အရေးများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူများအကြား ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ တရားရုံးစစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ် ထောက်ပံ့ပေးခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းပြီးသည့် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးအတွက် ၎င်းတို့၏လိုအပ်ချက်များအရ ဘဝရပ်တည်နိုင်ရေး ထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ်ထူထောင်ရေးဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် ယာယီလက်ခံစောင့်ရှောက်ထားစဉ် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်အတွက် ဂေဟာများတွင် ကာကွယ်ရေးသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သောအသုံးအဆောင်များတပ်ဆင်ခြင်း၊ ရောဂါပိုးကူးစက်ခံရမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ဆောင်ရွက်ပေးခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် လူကုန်ကူးမှုများအား ကာကွယ်တားဆီးရန်အတွက် ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်စနစ်နှင့်အညီဖြစ်စေရန် ပြင်ဆင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် ၁၆-၆-၂၀၂၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေအသစ်တွင် အွန်လိုင်းနှင့် နည်းပညာများအား အသုံးပြုပြီး လူကုန်ကူးမှု ကျူးလွန်သူများအတွက် ပြစ်ဒဏ်များအား ထပ်မံထည့်သွင်းပြဋ္ဌာန်းခဲ့သဖြင့် အွန်လိုင်း၊ အီလက်ထရောနစ်အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများကိုပါ ဖော်ထုတ်ဟန့်တားနိုင်မည်ဖြစ်သည့်အပြင် ဥပဒေအသစ်၏ အခန်း(၆)၌ လူကုန်ကူးခံရသူနှင့်သက်သေများ

စာမျက်နှာ ၈ သို့ ❖

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



**နေပြည်တော် စက်တင်ဘာ ၁၂**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စာဖတ်ရှိန်မြင့်မားရေး စာပေဟောပြောပွဲ ကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြင့်မားရေး စာပေဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်က မြို့နယ်အတွင်းရှိ စာပေဟောပြောပွဲများ ကျင်းပပေးရခြင်းအကြောင်းကိုလည်းကောင်း၊ စာရေးဆရာ ဦးအောင်မြင့်ကျော် (ပန်းတောင်း)က "ဖတ်ပါမှတ်ပါ စကားလက်ဆောင်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်လှကျော် (ပန်းတောင်း)က "အရိုးပေါ်အရွက်မဖုံးစေနှင့်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

စာပေဟောပြောပွဲများကို စာရေးဆရာ ၁၆ ဦးတို့က အခြေခံပညာအထက်တန်းကျောင်း ၂၁ ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း ၃၄ ကျောင်းတို့အား နိုဝင်ဘာလအထိ ဟောပြောကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

# အောင်ကြောင်းပြည့်လေး

(တေးထပ်)

★ အောင်သံဝေ အောင်ရွှေမောင်းရယ်နဲ့
အောင်စေကြောင်း အောင်ရဲမာန်၊
အောင်ရေလောင်း အောင်ဖွဲ့သန်သည်
အောင်ပွဲခံ အောင်နန်း။

★ အောင်လံလွှင့် အောင်စိတ်သန်တယ်
အောင်ဓိဋ္ဌာန် အောင်ဆုဆင်မြန်း။

★ အောင်ပြီကွဲ့ အောင်ပြီနော်
အောင်စည်တော် အောင်ပန်း။

★ အောင်ရည်မျှော် အောင်တဲ့လမ်းမှာလ
အောင်ဘွဲ့ကမ်း အောင်နေ၊

★ အောင်သရဖူ အောင်သူ့ဘုန်းရယ်နဲ့
အောင်သူ့ထုံး အောင်ပန်းတို့ဝေ။

★ အောင်နိမိတ်နဲ့ အောင်မိုးစွေသည်
အောင်ဖြိုးဝေ အောင်ကိန်းမွေးပါဘိ
အောင်ငြိမ်းအေး အောင်ရေးစီ
အောင်တေးဖွဲ့သီ။

★ အောင်သူတို့ အောင်အားတည်ကာ
အောင်ပွားစည် အောင်ကြောင်းပြည့်လေး…။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

❖ စာမျက်နှာ ၇ မှ

အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းအား ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေအဟောင်း၌ လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်း (Victim Protection)သာပါရှိ၍ ဥပဒေအသစ်တွင် သက်သေများကို အကာအကွယ်ပေးခြင်း (Witness Protection) ပါဝင်လာကြောင်း တွေ့ရှိရသဖြင့် မိမိတို့အနေဖြင့် လူကုန်ကူးခံရသူများကိုသာမက သက်သေများကိုပါ အကာအကွယ်ပေးသည့် လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများက အမြတ်ထုတ်အသုံးချနေမှုများကလည်း တားဆီးနှိမ်နင်းရေးကဏ္ဍများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိပါသည်။ UNODC ကလည်း နည်းပညာအသုံးပြု၍ လူကုန်ကူးမှုများအား တားဆီးကာကွယ်ရန် တိုက်တွန်းထားရှိသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးသည် စီးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမြင့်မားမှု၊ မူဝါဒနှင့် မဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မူတည်နေသောကြောင့် အောက်ပါတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအမံများမှတစ်ဆင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(ခ) ကိုဗစ်-၁၉ ကပ်ရောဂါ အန္တရာယ်ကျရောက်နေစဉ်နှင့် ကပ်ရောဂါ အလွန်ကာလများအတွင်း လူကုန်ကူးမှုများ တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှု မှုခင်းများဆိုင်ရာ သုတေသနလုပ်ငန်းများ၊ လေ့လာစမ်းသပ်မှုများဆောင်ရွက်၍ ရရှိသော သုတေသနတွေ့ရှိချက်များကို အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) လူကုန်ကူးခံရသူများ၏ တွေ့ကြုံခံစားရမှုများအပေါ် အခြေခံသည့် တုံ့ပြန်မှုနည်းလမ်းများ၊ စုံစမ်းဖော်ထုတ်အရေးယူခြင်းများကို နည်းပညာအသုံးပြု၍ ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

(ဃ) အိမ်နီးချင်းနိုင်ငံများမှ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ ပူးပေါင်းစုံစမ်းဖော်ထုတ်မှု မြှင့်တင်ရန်နှင့် Online နည်းပညာ အသုံးချဆောင်ရွက်နိုင်မှုအား တိုးမြှင့်ဖော်ဆောင်ရန် လိုအပ်ပါသည်။

ယခု ၂၀၂၂ ခုနှစ် ဒသမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာအခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့"** ဆိုသည့်အတိုင်း လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်၍ နည်းပညာအသုံးပြု သတင်းဖလှယ်ရေးလုပ်ငန်းများ၊ စုံစမ်းထောက်လှမ်းအရေးယူမှုများအား ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ပါက မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်း၍ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။




## ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# မိမိထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် တစ်ယူနစ်ထုတ်လုပ်မှုစရိတ်လျော့နည်းစေရေး အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ကို ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရသဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ပိုမိုအကျိုးရှိနိုင်မည်

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် စက်ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်ပသွင်းကုန်အစားထိုးနိုင်၍ နိုင်ငံခြားငွေ အသုံးပြုရမှု သက်သာခြင်း၊ ပြည်တွင်းလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း၊ နည်းပညာများရရှိခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ စက်ရုံနှင့် ဆက်စပ်ဆောင်ရွက်သည့် လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)အား ၂၀၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှစ၍ စီးပွားဖြစ် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ စက်ရုံမှ ဘိလပ်မြေအိတ်ခွံ(စက္ကူပါ)နှင့် ဘိလပ်မြေအိတ်ခွံ(စက္ကူမပါ)တို့ကို ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်မှ ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သဖြင့် ခရိုင်ဆေးရုံများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ဆေးရုံသုံးပရိဘောဂပစ္စည်းများ အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေးအတွက် ဆေးရုံသုံးခုတင်များ ထုတ်လုပ်နေသည့် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို စက်ရုံ၌ ထူထောင်ထားရှိသည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ဆေးရုံသုံးပရိဘောဂများအား ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်ရန် မိမိထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် တစ်ယူနစ်ထုတ်လုပ်မှုစရိတ်လျော့နည်းစေရေး အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ရန်၊ ထုတ်လုပ်မှုဆောင်ရွက်နိုင်ရန် လိုအပ်သော ကုန်ကြမ်းများ၊ ဆက်စပ်ပစ္စည်းများဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရည်အသွေးမီစွာ ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် စီမံဆောင်ရွက်ကြရန်တို့ကို ပြောကြားပြီး ဆေးရုံသုံးခုတင်များနှင့် အခြားဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်နေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ထုတ်လုပ်ပေးလျက်ရှိ

အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အနေဖြင့် ပြည်တွင်း၌ လိုအပ်လျက်ရှိသော အိမ်သုံးစတီးပစ္စည်းအမျိုးမျိုး၊ ဆေးရုံသုံးပရိဘောဂပစ္စည်းအမျိုးမျိုးနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ Steel Pipe အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပေးလျက်ရှိပြီး အဆိုပါထုတ်ကုန်များအား ဝန်ကြီးဌာန ထုတ်ကုန်အရောင်းပြခန်းများတွင် ရောင်းချပေးလျက်ရှိသည့်အပြင် ဝန်ကြီးဌာန/အဖွဲ့အစည်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကြိုက်နှစ်သက်ရာ ပုံစံများအတိုင်း ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၉)၏ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၂

ယခုသင်တန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူခဲ့သည့် ပြန်တမ်းဝင်အရာရှိဝင်ခွင့် ရာထူးစာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသော ဌာနတွင်း၊ ဌာနပြင်ပမှ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများအား စွမ်းဆောင်ရည် ပိုမိုမြင့်တင်ပေးနိုင်ရေး၊ အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ ရည်မှန်းချက်များကို အထောက်အကူ ဖြစ်စေရေး၊ နိုင်ငံတော်အတွက် ယုံကြည်စိတ်ချအားထားရသော အရာရှိကောင်းများဖြစ်ထွန်းလာစေရေးတို့ကို ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြောကြားသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၉)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍အရာထမ်းလောင်းများသည် သင်တန်းတက်ရောက်အောင်မြင်ပြီးမှသာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတွင် ပြန်တမ်းဝင်အရာရှိများအဖြစ် အရည်အချင်းပြည့်ဝစွာဖြင့် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးရာတွင် သမိုင်းကြောင်း အတွေ့အကြုံပေါ်မူတည်ပြီး ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ စွမ်းရည်မြင့်မားရေးအတွက် ခေတ်စနစ်နှင့်အညီ အမြဲတမ်း ပြုပြင်ပြောင်းလဲပြီး နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ပြန်တမ်းဝင်အရာရှိအဖြစ် စတင် တာဝန်ထမ်းဆောင်ကြရမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ကိုယ်စီ တတ်မြောက်ပြီးသော အတတ်ပညာ၊ အသိပညာများအပြင် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုနှင့်ရုံးလုပ်ငန်းများကို တတ်သိနားလည်ရန်လိုအပ်ကြောင်း၊ သင်တန်းဆင်းအရည်အချင်း အဆင့်များသည် မိမိတို့ ဝန်ထမ်းဘဝအတွက် အရေးကြီးသည့် အထောက်အပံ့များဖြစ်သောကြောင့် သင်တန်းကာလအတွင်း၌ မှန်ကန်သည့် ယှဉ်ပြိုင်မှုနှင့် ရလဒ်အဆင့်ကောင်းကောင်းဖြင့် အောင်မြင်ပြီးမြောက်စေရန် စည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံကြိုးစားကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တိုက်တွန်းမှာကြားသည်။

အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၉)သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ထားရှိသော အရာထမ်းလောင်း ကျား ၃၆ ဦး၊ မ ၁၈၉ ဦး၊ စုစုပေါင်း ၂၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၂ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် နဝရတ်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်တွင်း သင်တန်းပို့ချမှုများ၊ သင်တန်းအလိုက်လေ့ကျင့်မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် သင်တန်းအဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူ အရာထမ်းများကို စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၅၁)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်ပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရရှိ

နေပြည်တော် စက်တင်ဘာ ၁၂

(၅၁)ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) ပထမဆုကို ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ် WISDOM HILL Private High School Grade-7 မှ မောင်မိုးထက်အောင်ကလည်းကောင်း၊ ဒုတိယဆုကို ပြည်ထောင်စုနယ်မြေနေပြည်တော် အ-ထ-က(၅)ပျဉ်းမနားမြို့ Grade-8 မှ မသက်မှူးခင်က လည်းကောင်း၊ တတိယဆုကို မကွေးတိုင်းဒေသကြီး အ-ထ-က( ၁ )မကွေးမြို့နယ် Grade-8 မှ မခင်ခင်ဦးသာကလည်းကောင်း၊ အထူးဆုကို ရခိုင်ပြည်နယ် ကျောက်တော်မြို့ Noble ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ မောင်ဘုန်းမော်ရွှေနှင့် ပဲခူးတိုင်းဒေသကြီး အ-ထ-က(၃) ပဲခူးမြို့နယ် Grade-6(B)မှ မပွင့်ဝေဖူးတို့က ဆွတ်ခူးရရှိခဲ့ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးလျက်ရှိ

ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(UPU)တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ပြိုင်ပွဲကျင်းပရေးအဖွဲ့(National Organizing Body)သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့(World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ အသက် ၁၅ နှစ်နှင့်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးလျက်ရှိသည်။

## ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့

၂၀၂၂ ခုနှစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ "Write a letter to an influential person about why and how to take action on climate change" ဟူသော ခေါင်းစဉ်ပေးပို့လာပြီး မြန်မာနိုင်ငံအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (ပြည်တွင်းအဆင့်) အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ယခုနှစ် မတ် ၁၀ ရက်တွင် မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

သတင်းစဉ်

# စွန့်ဦးတီထွင်လုပ်ငန်းများအတွက် လိုအပ်သည့်ကျွမ်းကျင်မှုနှင့် အသိပညာများဖြန့်ဖြူးပေးနိုင်ရေး အသိပညာပေးအစီအစဉ်များ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration– IOM)မှ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းသွားလာခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသား ငါးနှစ်တာလုပ်ငန်းစီမံချက် (၂၀၁၃-၂၀၁၇)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး (၂၀၁၈-၂၀၂၂) ငါးနှစ်စီမံချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆောင်ရွက်ဆဲလုပ်ငန်းအစီအစဉ်များဆိုင်းငံ့ခဲ့ရ၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်လုပ်ငန်းများ၊ ရွှေ့ပြောင်းသွားလာမှုများပြားသည့် ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်၍ စွန့်ဦးတီထွင်လုပ်ငန်းများအတွက် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် အသိပညာများ ဖြန့်ဖြူးပေးနိုင်ရေး အသိပညာပေးအစီအစဉ်များကို အလုပ်သမားဝန်ကြီးဌာနနှင့် IOM ရုံးတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု လူထုအသိပညာပေးမှုများ အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၂**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာလှုပ်ရှားမှု လူထုအသိပညာပေးမှုများ လာမည့်နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် သတ်မှတ်ကာလအတွင်း အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။

**တိုက်တွန်းပြောကြား**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် “ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကျေးလက်နေအမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းစီမံချက်”ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီနှင့် ရခိုင်ပြည်နယ် စီမံချက် ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ Helpline ဝန်ဆောင်မှုရယူသူများ ဖုန်းခေါ်ဆိုရာတွင်လည်း အထူးချိတ်ဆက်ဖုန်းနံပါတ် ဂဏန်းလေးလုံးရရှိရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချိတ်ဆက်ထားပြီး မကြာမီတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း။

အမျိုးသမီးကော်မတီအနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် လိုအပ်သည့်မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးကဏ္ဍဆိုင်ရာလုပ်ငန်းများကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည့်ကြီးကြပ်လမ်းညွှန်မှုများ ဆောင်ရွက်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)သည် ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် NSPAW Phase I ကို ပြန်လည်သုံးသပ်ချက်များပြုလုပ်ထားရှိကြောင်း၊ သုံးသပ်ချက်အရ အားသာချက်/ အားနည်းချက်များပေါ် မူတည်ကာ NSPAW Phase II ကို ရေးဆွဲရေး ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းနှင့် နေပြည်တော်အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီများ၏ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများက သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့၊ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

သင်တန်းသို့ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအောက်ရှိ ဌာနအဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၄၀ တက်ရောက်ကြသည်။

သင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသိကောင်းစရာများ၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြည်ပချေးငွေနှင့် ပြည်ပအကူအညီရယူခြင်း၊ နိုင်ငံခြားငွေသုံးစွဲခြင်း၊ ငွေတိုက်လုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးသတင်းအချက်အလက်များ စာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချခဲ့ပြီး၊ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အခြေခံပြည်သူများအား တန်ဖိုးသင့်စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချ

**ကသာ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ အခြေခံပြည်သူများသို့ တန်ဖိုးသင့်စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းကို ယနေ့နံနက် ၈ နာရီတွင် ကသာမြို့စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ရောင်းချရာတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော် ဦးဆောင်မှုဖြင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်၊ မြို့နယ်စားသုံးသူရေးရာနှင့်ဝန်ထမ်းများက ကသာမြို့နယ်အတွင်းရှိ အခြေခံပြည်သူများအား တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီတစ်ဆယ် ကျပ်သားနှင့် ကြက်သွန်နီ၂၅ ကျပ်သားကို ငွေကျပ် ၂၈၀၀ နှုန်းဖြင့် လူ ၂၀၀ အတွက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**နန်းထွန်းမေ**





## ကလေးမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကလေး စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အလက(၂)တွင် ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးကျော်ထွန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းအောင်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း၁၅၀ကျော် တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအခမ်းအနား အပြီးတွင် အသိပညာဗဟုသုတများရရှိစေရန် ခင်းကျင်းပြသထား သည့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှု လေ့လာကြသည်။

မောင်ကျော်(ပြန်/ဆက်)



## ဟင်္သာတမြို့နယ်၌ မိုးစပါးစိုက်တောင်သူများကို ပုလဲဓာတ်မြေဩဇာများ ထောက်ပံ့

ဟင်္သာတ စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၂ ခုနှစ် နိုင်ငံတော်၏အစီအစဉ်ဖြင့် မိုးစပါးစိုက်တောင်သူများအား ဈေးနှုန်း ချိုသာစွာ ဖြန့်ဖြူးပေးသည့် ပုလဲဓာတ်မြေဩဇာများ ထောက်ပံ့ ပေးအပ်ခြင်းနှင့် ဆောင်းသီးနှံ(နေကြာ) စိုက်တောင်သူများနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသော်ဇင်မောင်က မိုးစပါးစိုက် တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ရခြင်းနှင့် အသုံးပြုပုံနည်း စနစ်များ၊ သီးနှံပိုမိုအထွက်တိုးလာမည့် အကျိုးကျေးဇူးများ၊ ဓာတ်မြေ ဩဇာခွဲဝေပေးအပ်မှုများအပေါ် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြ သည်။

ယင်းနောက် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ဧက ၁၉၆၈၉ ဧက စိုက်တောင်သူ ၂၄၃၀ တို့အား ပုလဲဓာတ်မြေဩဇာ ၃၀၂၆ အိတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဇော်- ဟင်္သာတ

## မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

မအူပင် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အခြံကျေးရွာအုပ်စု မိချောင်းရပ်ကျေးရွာတွင် စစ်ကြောင်းကြီးငါးကြောင်းဖြင့် နယ်မြေ စိုးမိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာ များနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများနှင့် ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အခြံကျေးရွာအုပ်စု မိချောင်းရပ် ကျေးရွာ မင်္ဂလာသီရိဘုန်းတော်ကြီးကျောင်း တန်ဆောင်းတော်ကြီး၌ ကျင်းပသည်။

ရှင်းလင်းဖြေကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်လွင်ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီး အကဲများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေ လုံခြုံရေး၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွှယ်မှုမရှိစေရေး စသည့် လုပ်ငန်းကိစ္စရပ်များအား သက်ဆိုင်ရာဌာန များအလိုက် ရှင်းလင်းဆွေးနွေး ပြောကြား ပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ ဌာနအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးနိုင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း တို့က တက်ရောက်လာသည့် ပြည်သူများအား တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းဖြင့် ပေးအပ် လှူဒါန်းခဲ့ပြီး မိချောင်းရပ် အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများကိုကြည့်ရှုအားပေး ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျောက်ပျော်ခရိုင်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်း ဖွင့်လှစ်

ကျောက်ပျော် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျောက်ပျော်ခရိုင်တွင် အမှတ် (၇) လူကုန် ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ပုသိမ်)က ဦးစီးဖွင့်လှစ်သည့် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲကို ကျောက်ပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်း ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောက်ပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်လူကုန် ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့် အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဒုရဲမှူး ကျော်မျိုးသိန်းက သင်ကြားမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။



အဆိုပါ သင်တန်းသို့ ကျောက်ပျော်ခရိုင်အတွင်းရှိ ကျောက်ပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိဖြစ်ကာ သင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် လူကုန်ကူးမှု အခြေအနေများ၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံ ရေးသွင်းနည်းများကို သင်တန်းဆရာလေးဦးတို့က သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဆောင်းသီးနှံများ အောင်မြင်စွာစိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

ဝက်လက် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း ဒေသကြီး ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ၌ ဆောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးရေးနှင့် နေကြာတိုးချဲ့ စိုက်ပျိုးရေး နည်းပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပ သည်။



အခမ်းအနားတွင် ဝက်လက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသန်းထိုက်စိုးက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကြင်စန်းကတောင်သူ များ စိုက်ပျိုးနည်းစနစ် မှန်ကန် စေရန်၊ အထွက်နှုန်းတိုးတက် စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီ စားသုံး နိုင်စေရန်၊ ရည်ရွယ်၍ ယခု သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ် ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ တောင်သူ ၄၈ ဦးနှင့် ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦးတို့ တက်ရောက်ခဲ့သည်။

ဝက်လက်မြို့နယ် အနေဖြင့် ဆောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်စေရန် ဂျုံ ၂၅၆၉၉ ဧက၊ ကုလားပဲ ၅၀၁၇၇ ဧက၊ နေကြာ သီးနှံ ၄၄၃၃ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိပြီး နေကြာသီးနှံ ကို သီးသန့် ၇၈၀ ဧက၊ သီးညှပ် ၃၆၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ် သည်။အဆိုပါသီးနှံများကို ဂျုံ၊ ကုလားပဲ၊ နံနံ စသည့်သီးနှံများနှင့် သီးညှပ် စိုက်ပျိုးမည်ဖြစ်ပြီး နေကြာမျိုး ကောင်းမျိုးသန့်များ ဖြစ်သည့် ဆင်းရွှေကြာ ၁၊ ဆင်း ရွှေကြာ ၂၊ အိန္ဒိယစပ်မျိုး ၁နှင့် ဂျုံ၊ ကုလားပဲ စသည့်မျိုးကောင်း မျိုးသန့်များကို လိုအပ်လျှင် တောင်သူများ လာရောက် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် သီးနှံများကို စနစ်တကျ စိုက်ပျိုး ရန်နှင့် မျိုးကောင်းမျိုးသန့်များ လိုအပ်ကြောင်း ဝက်လက်မြို့နယ် ဦးစီးမှူးက ပြောသည်။

အေးမြသက်ထား

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်မှုနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



လှိုင်ကော် စက်တင်ဘာ ၁၂

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်း ကိုဗစ်-၁၉ အိုမီခရွန် မျိုးရိုးဗီဇပြောင်း BA-4၊ BA-5 ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်မှုနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီခွဲက လှိုင်ကော်မြို့ သီရိ မင်္ဂလာဈေး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော် မှုနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌဦးမျိုးကျော်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တို့ပူးပေါင်း၍ “အပြင်ထွက်ပါက နှာခေါင်းစည်းများကို တပ်ဆင်ကြရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ သွားလာနေထိုင်ကြရန်နှင့် တစ်ဦးတစ်ယောက် ချင်းစီအလိုက် မိမိတို့၏ကျန်းမာရေး အသိစိတ်များနှင့်အညီ ရောဂါ ကူးစက်မှုမရှိရေး သတိပြုနေထိုင်ကြရန်” အစရှိသည့် ကျန်းမာရေး ဝန်ကြီးဌာန၏ သတိပေးနှိုးဆော်မှုများကို လက်ကိုင် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခဲ့ပြီး ဈေးသွားဈေးလာ ပြည်သူများကို နှာခေါင်းစည်း အခု ၂၅၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆိုင်ရာ သတိပေးနှိုးဆော်မှုများကို စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၃၀၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၃၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၅၅,၅၇၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၇,၀၅၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၃၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၀၉၅၀၉၂ | ၉၃၂၄၀၈၁၉ | ၁၀၇၅၆၆၈ |
| ၂။ | အိန္ဒိယ | ၄၄၅၀၀၅၈၀ | ၄၃၉၂၅၂၃၉ | ၅၂၈၁၆၅ |
| ၃။ | ပြင်သစ် | ၃၄၇၁၈၁၃၂ | ၃၄၂၀၄၁၅၆ | ၁၅၄၄၆၈ |
| ၄။ | ဘရာဇီး | ၃၄၅၇၄၇၆၅ | ၃၃၆၁၂၄၅၆ | ၆၈၄၉၁၄ |
| ၅။ | ဂျာမနီ | ၃၂၄၅၂၂၅၀ | ၃၁၇၁၂၆၀၀ | ၁၄၈၂၉၉ |
| ၆။ | တောင်ကိုရီးယား | ၂၄၀၄၁၈၂၅ | ၂၂၆၇၄၄၄၅ | ၂၇၄၉၈ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၇၃၃၁၆ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၄၈၀၃၂ | ၂၁၃၉၉၉၇၄ | ၁၇၆၂၀၉ |
| ၉။ | ဂျပန် | ၂၀၁၅၆၉၉၂ | ၁၉၀၂၃၇၁၇ | ၄၂၆၃၇ |
| ၁၀။ | ရုရှား | ၂၀၁၁၃၀၉၈ | ၁၉၀၉၆၆၆၆ | ၃၈၅၄၂၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၄၁၆၂၆ | ၁၀၃၃၇၁၃၇ | ၄၃၁၃၀ |
| ၂။ | အင်ဒိုနီးရှား | ၆၃၉၄၃၄၀ | ၆၂၀၄၂၄၁ | ၁၅၇၇၈၇ |
| ၃။ | မလေးရှား | ၄၈၀၅၁၀၇ | ၄၇၄၂၄၈၈ | ၃၆၂၈၀ |
| ၄။ | ထိုင်း | ၄၆၆၈၂၄၄ | ၄၆၂၄၂၀၇ | ၃၂၅၅၇ |
| ၅။ | ဖိလစ်ပိုင် | ၃၉၀၈၂၉၅ | ၃၈၂၀၆၉၁ | ၆၂၃၄၂ |
| ၆။ | စင်ကာပူ | ၁၈၅၉၉၃၇ | ၁၇၈၂၅၈၃ | ၁၆၀၂ |
| ၇။ | မြန်မာ | ၆၁၇၀၅၆ | ၅၉၄၃၃၉ | ၁၉၄၄၂ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၉၈၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၁၉ | ၁၃၄၅၉၀ | ၃၀၅၆ |

# ငွေဆောင်မြို့မဈေးတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ငွေဆောင် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ စည်ပင်သာယာရေးကော်မတီမှ ပြည်သူများ ပလတ်စတစ်အိတ် သုံးစွဲမှုလျော့နည်းစေရေးအတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားရှိမှုအား လိုက်နာဆောင်ရွက်မှုရှိစေရေး စိစစ်ကြပ်မတ်စစ်ဆေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီတွင် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်မင်းဦးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များအစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ဖြင့် သင့်တော်ရာအစားထိုး ထုပ်ပိုးသုံးစွဲစေရေး အတွက် ပြည်သူများပါဝင်ဆောင်ရွက်ပေးနိုင်ရေး လိုက်လံအသိပေး နှိုးဆော်လျက်ရှိကြောင်းနှင့် လိုက်နာဆောင်ရွက်မှုရှိစေရေး လိုက်လံကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါမြို့မဈေးအတွင်းတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်ကြသူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ အထောက်အကူပြုစေရန်အတွက် နှာခေါင်းစည်းများအား အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ အောင်တင်(ပြန်/ဆက်)





# ဂျပန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ရည်ရွယ်ထားဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီ ယိုရှီမာဆာ ပြောကြား

**တိုကျို စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီ ယိုရှီမာဆာသည် ဂျပန်-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ထို့ပြင် အပြုသဘောဆောင်ပြီး တည်ငြိမ်သော နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်ခြင်းသည် မျိုးဆက်သစ်များ၏ တာဝန်တစ်ရပ်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီ ယိုရှီမာဆာသည် စက်တင်ဘာ ၁၂ ရက်တွင် ပြုလုပ်သည့် စာတမ်းဖတ်ပွဲတစ်ခုတွင် အထက်ပါအတိုင်း ဗီဒီယိုသတင်းစကား ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးသည် စက်တင်ဘာ ၂၉ ရက် တွင် နှစ်(၅၀)ပြည့်မြောက်မည်ဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ဂျပန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် သိသိသာသာ တိုးတက်မှုရှိခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီ ယိုရှီမာဆာက ပြောကြားသည်။

အဆိုပါကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုသည် အဆပေါင်း ၁၂၀ ခန့်အထိ မြင့်တက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမတိုင်မီက နှစ်နိုင်ငံအပြန်အလှန် ခရီးသွားသူဦးရေသည်လည်း ၁၂ သန်းအထိ မြင့်တက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

# ယခုနှစ် ပထမရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၃၇ ဒသမ ၇ ဘီလီယံရှိ

**ဖနောင်ပင် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုပမာဏတန်ဖိုးသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၄ ဘီလီယံရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေအကောက်အခွန်နှင့် ယစ်မျိုးဦးစီးဌာန၏ စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။




**အသီးသီးရပ်တည်**

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရှိနေပြီး တရုတ်နိုင်ငံနောက်တွင် အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့က အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံသို့ တင်ပို့သည့် အဓိကထွက်ကုန်များမှာ ဆန်၊ ငှက်ပျောသီး၊ သရက်သီး၊ ပီလောပီနံ၊ ရေထွက်ပစ္စည်းနှင့် အဝတ်အထည်များဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ တင်သွင်းသည့် အဓိကကုန်ပစ္စည်းများမှာ ဖိနပ်၊ စက်ယန္တရားများ၊ မော်တော်ယာဉ်များ၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းနှင့် ဆေးဝါးများဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄ ဒသမ ၅ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၂၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၅၀၀၅၈၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာပေါင်း ၄၇၁၇၆ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၁၆၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၉၇၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၂၅၂၃၉ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၁ ဘီလီယံကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၈၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၉၃၆ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၁၂**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၉၃၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၀၄၁၈၂၅ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

ရောဂါကူးစက်ခံရသူများအနက် ၂၀၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန်ရှိ သူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၄၉၈ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၉၃ ဦး ရှိလာ

**ချန်ဒူး စက်တင်ဘာ ၁၂**

တရုတ်နိုင်ငံတောင်ပိုင်း စီချွမ်ပြည်နယ်ရှိ လူဒင်ဒေသနှင့် အနီးဝန်းကျင်ဒေသများ၌ စက်တင်ဘာ ၅ ရက်က ဖြစ်ပွားခဲ့သည့် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသူပေါင်း ၉၃ ဦး ရှိလာကြောင်းနှင့် ၂၅ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

**သေဆုံး**

စက်တင်ဘာ ၁၁ ရက် ညနေ ၅ နာရီအထိ ကာလအတွင်း အဆိုပါ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူဒင်ဒေသတည်ရှိရာ ဂမ်ဇီတိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စု၌ သေဆုံးသူ ၅၅ ဦးနှင့် ယာအန်းမြို့၌ သေဆုံးသူ ၃၈ ဦးတွေ့ရှိခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးဌာနချုပ်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်း စီချွမ်ပြည်နယ်၌ ငလျင်လှုပ်ခတ်မှုခံရပြီးနောက် ပျောက်ဆုံးနေသူများအနက် ကိုးဦးသည် လူဒင်ဒေသမှဖြစ်ကြောင်းနှင့် ၁၆ ဦးသည် ရှီမီအန်ဒေသမှ ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အားလေးဦးက သိန်းတရာရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်

**နေပြည်တော် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အားလေးဦးက သိန်းတရာရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဘုရားကြီးရပ်ကွက် ဗိုလ်ချုပ်လမ်းမီးပွိုင့်အနီးရှိ သိန်းတရာရွှေဆိုင်၌ လုယက်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ ရပ်ကွက်နေ ဦးချစ်လှိုင်(၇၉)နှစ် (ဘ)ဦးဖေထွေး ပိုင်ဆိုင်သည့် သိန်းတရာရွှေဆိုင်သို့ သေနတ်များ ကိုယ်စီကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား လေးဦးခန့်က CRV အမျိုးအစား အနက်ရောင်မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းရှိနေသည့် ဦးချစ်လှိုင်၏ သမီးဖြစ်သူ (၅၀)နှစ်နှင့် ဆိုင်ဝန်ထမ်းများဖြစ်ကြသည့် ဘုရားကြီးရပ်ကွက်နေ မနုနုယဉ်(၃၄)နှစ် (ဘ)ဦးအောင်မိုး၊ ကန်သာဦးရပ်ကွက်နေ မစန္ဒီလေးအောင်(၂၇)နှစ် (ဘ)ဦးလေးအောင်၊ သလ္လာရပ်ကွက်နေ မဖြိုးမွန်ငြိမ်း(၃၂)နှစ် (ဘ)ဦးငြိမ်းမောင်၊ နန္ဒဝန်ရပ်ကွက်နေ ဦးတင်ထွန်း(၅၃)နှစ် (ဘ)ဦးအောင်တို့အား သေနတ်ပြခြိမ်းခြောက်၍ မနော်ထူးအား ရွှေထည်ပစ္စည်းများသိမ်းဆည်းထားသည့် အခန်းအား ဖွင့်ခိုင်းကာ အသင့်ယူဆောင်လာသည့် လက်ဆွဲအိတ်နှစ်လုံးအတွင်းသို့ ရွှေလက်ကောက်နှင့် ရွှေဆွဲကြိုးမျိုးစုံ(စိစစ်ဆဲ)အား ထည့်၍ လုယက်ယူဆောင်ကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းလမ်းမှတစ်ဆင့် ဘုရားနီလမ်းဘက်သို့ ၎င်းတို့မောင်းနှင်လာသည့် မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။



အထက်ပါဖြစ်စဉ်မှ ရွှေဆိုင်အတွင်း ဝင်ရောက်ကာ သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံခုန်ဆတ်လတ်စနာရီတင်း(ခ)နိုင်းကိန်(ခ)ဖုန်ဆပ်(ခ)Mr. Phon Sub အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# သဃ်န်းကျွန်း၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ဧ/တောင်ရပ်ကွက် ဝေဇယန္တာလမ်းရှိ ဟိုတယ်အခန်းအမှတ်(၃၀၁)၌ တည်းခိုနေသည့် မျိုးသူရအောင်(ခ)သူရ၏အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၊ အက်တက်စီဆေး ကိုးပြား၊ ကက်တမင်း သုည ဒသမ ၀၁၃ ကီလိုတို့ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ဝမ်ကျန်ကျေးရွာလမ်းမပေါ်တွင် ပေါ်ဆုကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နောင်တုံကန်ဘေးရှိ လမ်းမပေါ်၌ ဖိုးနေလ မောင်းနှင်ပြီး ကျလဲလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

စက်တင်ဘာ ၁၀ ရက် ညနေ ၆ နာရီတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ အိမ်အမှတ် (တကက ၁၃၄/၁၀)သို့ ဝင်ရောက်ရှာဖွေရာ နိုင်ငံခုန်ဆတ်လတ်စနာရီတင်း(ခ)နိုင်းကိန် (ခ) ဖုန်ဆပ်(ခ) Mr. Phon Sub ကို တွေ့ရှိရပြီး ပစ္စတိုသေနတ်တစ်လက်(မကောင်း)နှင့် ဆက်စပ်ပစ္စည်းများ၊ ၎င်းကျည်အိမ် သုံးခု၊ 45 Auto ကျည် ၁၃ တောင့်၊ 38 Special ခြောက်လုံးပြူး သေနတ်တစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀၀ စုစုပေါင်း ငွေကျပ် ၁၃၇၂ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်နေ ထက်နိုင်လင်း(ခ)ဖိုးထက်သည် ၎င်းအသုံးပြုသည့် "Htet Naing Linn (Ko Phoe Htet)" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်နေ နေလှိုင်းထက်(ခ)ဆာမဲနှင့် နှင်းဝတ်ရည်ထွန်းတို့သည် ၎င်းတို့အသုံးပြုသည့် "Nay Hlaing Htet" Facebook အကောင့်၊ "Hinn Wut Ye Htun" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဒလန်အကြောင်းပြစားပြတိုက်သူများ"**ခေါင်းစဉ်ဖြင့် ၁၄-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် **(ဗုဒ္ဓဟူးနေ့)** မွန်းလွဲ ၁ နာရီတွင် **"မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် **(ကြာသပတေးနေ့)** မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပအိုဝ်းတိုင်းရင်းသားစာပေ K.G ပုံပြစာအုပ်အတည်ပြုပေးအပ်ပွဲအခမ်းအနားကျင်းပ

ဘားအံ စက်တင်ဘာ ၁၂

မြေပြန့်ဒေသ ပအိုဝ်းတိုင်းရင်းသားစာပေ K.G ပုံပြစာအုပ်ပြုစုရေးသားရေးအဖွဲ့မှ K.G ပုံပြစာအုပ်ရေးဆွဲပြီးစီး၍ ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားများသို့ တင်ပြခြင်းနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့သို့ပေးအပ်တင်ပြခြင်း အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ပအိုဝ်းတိုင်းရင်းသား စာပေသည် တောင်ပေါ်ဒေသစာမူနှင့်မြေပြန့်ဒေသစာမူဟူ၍ နှစ်မျိုးရှိပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေထိုင်ကြသောပအိုဝ်းတိုင်းရင်းသားများသည် မြေပြန့်ဒေသပအိုဝ်းစာမူကို အသုံးပြုကြကြောင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားတို့၏ စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ရိုးရာဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် နေ့ထူးနေ့မြတ်အခမ်းအနားများ ကျင်းပနိုင်ရေး လိုအပ်သည့်ဘဏ္ဍာရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်လျာထား၍ ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားဘာသာကျောင်းသုံးစာအုပ်များကို ပုံနှိပ်ထုတ်ဝေပြီး သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များထံ ဖြန့်ဝေပေးအပ်ကာ ကျောင်းများတွင် သင်ကြားနိုင်သည့် အဆင့်ရောက်ရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပအိုဝ်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ဆောင်ရွက်၍ နိုင်ငံကောင်းကျိုးအတွက် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် K.G ပုံပြစာအုပ်ပြုစုရေးအဖွဲ့ ခေါင်းဆောင် ဦးခွန်မင်းအောင်က ပုံပြစာအုပ်ရေးဆွဲရေးနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းတင်က K.G ပုံပြစာအုပ်နမူနာကို ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုထံ လွှဲပြောင်းပေးအပ်ကာ ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအသင်းနာယကက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် အခြေခံစားသောက်ကုန်များ ရောင်းချပေး

ကွမ်းခြံကုန်း စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နေ ပြည်သူများအား အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ကြက်ဥများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှု၊ ကွမ်းခြံကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယနေ့နံနက်ပိုင်းက မင်းပိုင်းရပ်ကွက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ ဝန်ထမ်းများက သွားရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အခြေခံစားသောက်ကုန်များ ရောင်းချပေးရာတွင် ဆန်တစ်ပြည် ငွေကျပ် ၁၆၀၀၊ ဆီ ၁ ပိဿာ ငွေကျပ် ၅၃၀၀၊ ကြက်ဥ တစ်လုံး ၁၇၅ ကျပ်နှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး သီဟန်ထွန်း၊ အဖွဲ့ဝင် (၂) ဦးရဲတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။ ကျန်ရှိသော ရပ်ကွက်/ကျေးရွာများကိုလည်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချင်းရွှေဟော်မြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးပြုလုပ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ချင်းရွှေဟော် စက်တင်ဘာ ၁၂

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး ကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာကျင့်သုံးစေရေးအတွက် ယနေ့ နံနက် ၁၀ နာရီမှစ၍ ချင်းရွှေဟော်မြို့မဈေး၊ ကုန်စိမ်းဈေးတန်းနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းဆုံနေရာတို့တွင် ပူးပေါင်းအဖွဲ့ဖြင့် နှာခေါင်းစည်းတပ်ဆင်ရေးပြုလုပ်၍ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ နှာခေါင်းစည်းတပ်ဆင်ရေးပြုလုပ်ရာတွင် ဒေသခံများနှင့် ခရီးသွားပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်သွားလာရေး အသိပညာပေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အခြားသောဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ ပြည်သူများအား နှာခေါင်းစည်း အခု ၂၀၀၀ ကို အခမဲ့ဖြန့်ဝေကာ ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ကြရန် အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခေတ္တာပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းအောင်ကျော်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်တို့က စက်တင်ဘာ ၁၂ ရက်တွင် ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မဟာညောင်ကုန်းကျောင်းတိုက်ဝင်း မင်္ဂလာစံဘုန်းကြီးကျောင်း အတွင်း/အပြင် သန့်ရှင်းရေးပြုလုပ်ကြစဉ်။ ၂၂၂



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွန်း ဦးဆောင်၍ တိုင်းတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် အာဟာရဒါနလက်ဆောင်များပေးအပ်စဉ်။

ဇော်ရှင်း



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းသိန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက် နံနက် ၆ နာရီတွင် အလယ်ကုန်းတိုက်နယ်ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

### မယ်ဆိုင်မြစ်ရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်မြစ်ရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

## မြဝတီမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ချစ်ကြည်ရေးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

မြဝတီ စက်တင်ဘာ ၁၂

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ ချစ်ကြည်ရေးလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးစောချစ်သူက ကွန်ကရစ်လမ်းသစ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကွန်ကရစ်လမ်းသစ်ကို သဃ်န်းညီနောင်အခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းနေလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးစောချစ်သူ၊ အမှတ်(၁၀၂၂) နယ်ခြားစောင့်တပ် တပ်မှူး ဗိုလ်မှူးစောမုတ်သုံ၊ နယ်ခြားစောင့်တပ် အမှတ်(၃) တပ်နယ်မှူး ဗိုလ်မှူးမောင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးစောချစ်သူနှင့်ဇနီး နန်းခင်လှသူ မိသားစုတို့က လှူဒါန်းခြင်းဖြစ်ပြီး အလျားပေ ၄၀၊ အရှည်ပေ ၁၀၅၀ နှင့် ၃ ကိုးလက်မရှိသည်။ မြဝတီမြို့ထဲနှင့် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားသို့ သွားရောက်ရာ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့်အတွက် ပြည်သူများသွားလာရေးတွင် များစွာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၇၅ | ၂၄၅၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၆၀ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၅ | ၂၅၀၅ | ၂၇၂၅ | ၃၁၆၀ |
| 95 Ron | ၂၅၂၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၇၀ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၂၀ | ၃၂၂၅ |
| HSD (500 ppm) | ၃၀၂၀ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၅ | ၃၀၆၅ | ၃၀၈၅ | ၃၀၈၀ | ၃၀၅၀ | ၃၁၆၅ | ၃၁၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၅ | ၃၃၂၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၁၀၅ | ၃၁၅၀ | ၃၁၄၅ | ၃၁၁၀ | ၃၁၅၀ | ၃၁၇၀ | ၃၁၆၅ | ၃၁၃၅ | ၃၂၅၀ | ၃၂၄၅ | ၃၁၄၀ | ၃၁၅၀ | ၃၁၈၅ | ၃၁၈၅ | ၃၁၉၀ | ၃၄၀၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၁၀၅ | ၃၁၅၀ | ၃၁၄၅ | ၃၁၁၀ | ၃၁၅၀ | ၃၁၇၀ | ၃၁၆၅ | ၃၁၃၅ | ၃၂၅၀ | ၃၂၄၅ | ၃၁၄၀ | ၃၁၅၀ | ၃၁၈၅ | ၃၁၈၅ | ၃၁၉၀ | ၃၄၀၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၁၀ | ၂၃၉၀ |
| 95 Ron | ၂၄၀၄ | ၂၄၈၆ |
| HSD (500 ppm) | ၂၈၉၂ | ၂၉၈၀ |
| HSD (50 ppm) | ၂၉၇၃ | ၃၀၆၂ |
| HSD (10 ppm) | ၂၉၇၃ | ၃၀၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ ကျောဖုံးမှ

ငွေကျပ် ၄၅၀၀၀ မှ ၄၈၀၀၀ ဈေးအထိ ရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိက စိုက်ပျိုးတဲ့ ရှမ်းပြည်နယ် ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကိုအများဆုံးရောက်ရှိလာတာပါ။ အင်းသီးကအထားခံတော့ ဈေးကောင်းရရှိနေကြပါတယ်။ အဓိက အကြောင်းရင်းက အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေတဲ့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် ဈေးနှုန်းတက်တာပါ။ ပြီးခဲ့တဲ့လနဲ့စာရင် ဈေးကတက်လာတယ်လို့ ပြောလို့ရပါတယ်။ တစ်နေ့ကို ရွာငံဒေသဘက်က ကားအစီးရေ ၂၀ နဲ့ အောင်ပန်းဒေသဘက်က ကားအစီးရေ ငါးစီးကနေ ခြောက်စီး ပုံမှန်ဝင်ရောက်နေပါတယ်။ အရောင်းအဝယ်က သွက်လက်ပြီး ဈေးကောင်းများလည်း ရရှိနေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

**ဈေးကောင်းများရရှိ**

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့် ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ငရုတ်၊ ရွှေပဲသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အနေအထားဖြင့် အရောင်းအဝယ်များ သွက်လက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

❍ အား/ကာသိပ္ပံအသင်းမှ

နှစ်သင်းစလုံး နိုင်ပွဲပြန်ရရန် ကြိုးပမ်းခဲ့ပြီး ပွဲစကတည်းက အပြန်အလှန်ရှိခဲ့သည်။ ၂၃ မိနစ်တွင် ခင်ကျော်ဝင်းက အား/ကာသိပ္ပံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၁ မိနစ်တွင် မောင်မောင်စိုးက GFA အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် ပွဲမှာပြိုင်ဆိုင်မှု ပြင်းထန်လာပြီး ၃၄ မိနစ်တွင် နှစ်ဖက်ကစားသမားများ ကစားပုံကြမ်းတမ်းရာမှတစ်ဆင့် GFA နောက်ခံလူ သက်လွင်ဝင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

GFA အသင်းသည် တစ်ယောက်လျော့သွားသော်လည်း အား/ကာသိပ္ပံကို အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး ပွဲပြီးခါနီးမှ ဂိုးများပေးခဲ့ရခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၈၆ မိနစ်တွင် အေးချမ်းသာနှင့် မိနစ် ၉၀ တွင် ခင်ကျော်ဝင်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ရမှတ် ၁၇ မှတ်၊ GFA အသင်းက ၁၁ ပွဲကစား ရမှတ်ခြောက်မှတ်ရရှိထားသည်။

ပွဲစဉ်(၁၁) လက်ကျန်ပွဲများအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ရောဝတီအသင်းနှင့် ရတနာပုံအသင်း၊ စက်တင်ဘာ ၁၅ ရက်တွင် မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် စက်တင်ဘာ ၁၂

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် ပထမဆုရ **"ညိမ်းညို"** ရေးသားသည့် **"မလင်းဘယ်ခါရှိပါမယ်"** စာအုပ်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်းအမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငဖဲမြို့နယ်၌ အခြေခံစားကုန်နှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ငဖဲ စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ်မှ အခြေခံစားကုန်နှင့် ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက် ၇ နာရီက ပဒါန်းကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ပြုလုပ်သည်။



ထိုသို့ရောင်းချပေးရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ်မှ တပ်မတော်သားများက အခြေခံစားကုန်နှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးလျက်ရှိရာ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀၊ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၃၅၀၀၊ ကြက်ဥခြောက်လုံးလျှင် ငွေကျပ် ၁၀၀၀၊ ဆီသွပ်ဘူး တစ်ဘူးလျှင် ငွေကျပ် ၄၂၀၀ နှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

“ဒါဖြင့်လည်းဟာ လက်ထပ်ပြီးမှပြောရောပေါ့။ ဘာလို့ အစောကြီး ကြိုပြောထားရလဲ”

မွန်သည် ဇစ်တာ့ကို လှမ်းကြည့်လိုက်ရင်း မျက်နှာပျက်နေလေသည်။

ဒေါ်ခင်မျိုးသန့်သည် ငွေဘူးထဲမှ စီးကရက်ကို ထုတ်၍ မီးညှိလိုက်ရင်း ဟန်ပါပါ ဖွာလိုက်သည်။

“ရှင်က ဒီလောက်တောင် ခေတ်နောက်ကျရသလား။ အစကတည်းက ရှင်မသိဘူးလား။ လူကြီးဆိုတာ သိသာသိစေ မမြင်စေနဲ့တဲ့။ ရှင့်ကိုယူခဲ့တုန်းကရော ဘယ်လူကြီးတွေများ အသိပေးလို့လဲ။ ခင်တို့ဟာခင်တို့ ရုံးတက်လက်မှတ်ထိုးတယ်မဟုတ်လား။ ပြီးမှ ညှော်ခံပွဲတစ်ခုပေးလိုက်တာပဲ။ အဲဒီတုန်းက ရှင့်အမေနဲ့တောင် ရန်ကုန်သူကို ယူရမလားဆိုပြီး ရန်တွေ့ခံရသေးတယ်”

“တော်စမ်းပါကွာ၊ ချေးခြောက် ရေနှုးမနေစမ်းပါနဲ့”

“ဟုတ်တာပေါ့၊ အခုတော့ ချေးခြောက်ဖြစ်ရောပေါ့။ အစတုန်းကတော့ စံပယ်ပန်းကလေးကိုးရှင့်”

ဦးကျော်ဒင်သည် ပါးစပ်ကိုဖြဲ၍ ရယ်လိုက်သည်။

မော်က လက်ခုပ်တီးလိုက်သည်။ “ဟုတ်တယ်ကွ၊ ဒါမှ တို့မာမီ၊ ဒက်ဒီက မတရားဘူး”

ဦးကျော်ဒင်သည် စောစောက ခြေထားပြီးသော ဆေးပြင်းလိပ်ကို ပြန်၍ မီးညှိလိုက်သည်။

“အခုလည်း နွမ်းမပျယ်တဲ့ ပန်းစံပယ်လေးပါပဲကွာ။ အနံ့လည်းမပျက်၊ အဆင်းလည်းမပျက်တဲ့ တကယ့်နတ်ပန်းကလေးလို့ ထင်တုန်းပါပဲကွာ။ ဟဲ... ဟဲ”

“တော်စမ်းပါရှင်”

အားလုံးက ပြုံးနေကြသည်။ မွန်က ဣန္ဒြေဖြင့် စကားကို ဖြတ်လိုက်သည်။

“ကဲ...ဒက်ဒီတို့ဇာတ်လမ်းဟောင်းကြီးကို ပြန်ပြီး ဖွင့်မနေပါနဲ့။ မွန့်ကိစ္စကို ပြောပါရစေ။ ဇစ်တာက ဒီနှစ် ဘီအက်စီ အင်ဂျင်နီယာ နောက်ဆုံးနှစ် အောင်ရင် အမေရိကားသွားပြီး အမ်တီအက်စီဘွဲ့ယူမယ်။ ဒီတော့ အောင်ပြီးမှယူရင် မွန်တို့မှာ နေချိန်မရှိလိုက်ဘူး။ ခုမြန်မြန်ပဲ လက်ထပ်ချင်တယ် ဒက်ဒီ။ ဒါမှ စာမေးပွဲဖြေပြီးရင် နွေကျောင်းပိတ်ရက်မှာ ရှမ်းပြည်နယ်ဘက် အတူတူသွားပြီး အနားယူကြမယ်။ ဟုတ်လား...မာမီ”

“ဟုတ်တာပေါ့၊ ချစ်စခင်စ ခွဲရတယ်ဆိုတာ ဘယ်ကောင်းမလဲ။ ကဲ...ဇစ်တာက ပြောကွယ်။ အန်တီတို့က ဘာလုပ်ရမှာလဲ။ မင်္ဂလာစရိတ်ခံရမယ်ဆိုရင်လည်းပြော”

ဇစ်တာသည် ခေါင်းငုံ့နေရာမှ မျက်နှာကို မော့လိုက်သည်။

“ကျွန်တော်တော့ ဒီတာဝန်ကို ကျွန်တော်ပဲ ယူပါရစေလို့ တောင်းပန်ချင်တာပဲ။ တခြား အန်တီတို့ စီစဉ်ချင်တာတွေ စီစဉ်ပေါ့။ အိမ်ကလည်း ပြောပြီးပါပြီ၊ နေရေးထိုင်ရေးကစပြီး စီစဉ်ပြီးပြီ။ အင်းလျားဘေးမှာ ဒက်ဒီဝယ်ပေးထားတဲ့ တိုက်တစ်လုံးကို ကျွန်တော်တို့ အပိုင်ရမယ်”




“ဒီလိုတော့ မွန် လက်မခံဘူး မောင်။ နှစ်ဦးအတွက် စီစဉ်ရတဲ့ကိစ္စမှာ တစ်ယောက်တည်း တာဝန်ယူတယ်ဆိုတာ နည်းလမ်းမကျဘူး။ နောက်တော့ သူ့ဘက်ကိုယ့်ဘက် စကားအတင်စီး မခံနိုင်ဘူး”

“မွန်ကလည်းကွယ်...ကိုယ် စိတ်မကောင်းအောင် ဒီလိုတော့ မပြောပါနဲ့။ ကိုယ်က မွန့်အပေါ်မှာ စေတနာအရင်းအတိုင်း စီစဉ်တာပါကွယ်”

“စေတနာအရင်းအတိုင်းစီစဉ်ရင် မျှတအောင် စီစဉ်။ လူတစ်ယောက်ဟာ သူ့စေတနာကို အဓိကထားပြီး သူများက တုံ့ပြန်တဲ့စေတနာကို လက်မခံဘူးဆိုရင် မတရားဘူး။ မောင် စေတနာရှိသလို မွန်ကလည်း စေတနာမရှိရဘူးလား”

ဇစ်တာသည် ဘာမှပြန်မပြောတော့ချေ။ မွန်ပြောသောစကားများမှာ ရှင်းလင်းပြတ်သားလှသည်။

‘မ’ ကိုယ်တိုင်ပင် မွန်၏မာနကို အံ့ဩမိသည်။ ကိုဘခက်ကမူ ‘မ’ ဝေဖန်ခဲ့သလို မွန်သည် ပြတ်သားသည်၊ မာနရှိသည်၊ ရည်မှန်းချက်ကြီးသူတစ်ယောက် ဖြစ်သည်ကို အကဲခတ်လိုက်မိသည်။

“ကဲပါကွယ်...မွန်ကလည်း ဇစ်တာစိတ်မကောင်း ဖြစ်နေပါဦးမယ်။ မင်္ဂလာစရိတ်ကို တစ်ဝက်စီခံမယ်။ ပြီးတော့ မွန်တို့အတွက် ဒက်ဒီနဲ့ မာမီက မွန်တို့ ကြိုက်တဲ့ ကားတစ်စီး ဝယ်ပေးမယ်။ ပြီးတော့ ဇစ်တာနိုင်ငံခြားသွားရင် အဲဒီစရိတ်အတွက် မာမီက ခံမယ်”

“မလိုပါဘူး မာမီ၊ ဒါက လူပြောခံရတယ်။ မာမီ ကူညီချင်ရင် အတွင်းပစ္စည်းဝယ်ပေး။ ဇစ်တာ့စရိတ်က သူ့မိဘက ခံလိမ့်မယ်။ သမီးတို့က ခံစရာမလိုဘူး။ နို့မို့ရင် ယောက်ျားတစ်ယောက်ကို ဝယ်ယူရသလို ပြောစရာဖြစ်နေမယ်”

“ဟုတ်ပါတယ်အန်တီ၊ မွန်ပြောတဲ့အတိုင်း ကောင်းပါတယ်”

မွန်သည် ယောက်ျားတစ်ယောက်ကို စိတ်ကြိုက်ခေါင်းခေါက်၍ယူလိုက်ကြောင်း ‘မ’ က ကောင်းကောင်းသဘောပေါက်လိုက်မိသည်။ မွန်၏စကားများသည် ပြတ်သားလွန်းလှသည်ဟုလည်း ‘မ’ က ထင်မိသည်။

“ဒီလိုတော့ မွန် လက်မခံဘူး မောင်။ နှစ်ဦးအတွက် စီစဉ်ရတဲ့ကိစ္စမှာ
တစ်ယောက်တည်း တာဝန်ယူတယ်ဆိုတာ နည်းလမ်းမကျဘူး။
နောက်တော့ သူ့ဘက်ကိုယ့်ဘက် စကားအတင်စီး မခံနိုင်ဘူး”
“မွန်ကလည်းကွယ် ကိုယ်စိတ်မကောင်းအောင် ဒီလိုတော့မပြောပါနဲ့။
ကိုယ်က မွန့်အပေါ်မှာ စေတနာအရင်းအတိုင်း စီစဉ်တာပါကွယ်”
“စေတနာအရင်းအတိုင်းစီစဉ်ရင် မျှတအောင်စီစဉ်။
လူတစ်ယောက်ဟာ သူ့စေတနာကို အဓိကထားပြီး သူများကတုံ့ပြန်တဲ့စေတနာကို
လက်မခံဘူးဆိုရင် မတရားဘူး။ မောင် စေတနာရှိသလို မွန်ကလည်း...”

မော်ကမူ မွန်၏ပခုံးကို လှုပ်ခါရင်း ခုန်ပေါက်နေသည်။

“ဟေး....ဟုတ်တယ်...ဟုတ်တယ်၊ မာမီပြောတာ မှန်တယ်။ ဒါပဲနော်...မော်တို့အလှည့်ကျရင်လည်း ဒီလိုပဲပေးရမယ်။ ဘဲလ်ယားတစ်စီး၊ တိုက်တစ်လုံး၊ စန္ဒရားတစ်လုံး၊ တိတ်ရီကော်ဒါ တစ်လုံး၊ ရေခဲသေတ္တာ။ ပြီးတော့ ဘဏ်မှာ ငွေတစ်သောင်းစီ သွင်းပေးရမယ်။ ဟုတ်လား...နော်... မာမီ မော်က အငယ်ဆုံးဆိုတော့ မော့်ကို ပိုပြီးပေးရမယ်နော် မာမီ”

“အဲဒီကောင်မလေး အရှူးလား...နင်က ဘယ်ယောက်ျားသွားပြီးယူမလို့လဲ”

မွန်က မော်၏ဆံပင်ကိုပွတ်ရင်း ငေါက်လိုက်သည်။ မော်က မျက်ခုံးကလေးကို ပင့်ပြီးလျှင် နှုတ်ခမ်းကို မဲ့လိုက်သည်။

“အံမယ်...ယောက်ျားယူတာများ ဘာခက်လို့လဲ။ အခုထွက်ပြီး ယူပြလိုက်မယ်။ ရှိုးကျကျနေနိုင်ဖို့ပဲ အရေးကြီးတာ။ မော်တို့က ရှင်းရှင်းပဲ။ ယောက်ျားယူပြီး ဘာအလုပ်မှ မလုပ်ဘူး။ ဘဲလ်ယားစီးပြီး ပါတီပွဲတွေ လျှောက်သွားပြီး ဘဏ်မှာရှိတဲ့ငွေကို ဖြုန်းပစ်လိုက်မှာပဲ။ ကုန်ရင် ယောက်ျားလုပ်တဲ့လူကို အရှာခိုင်းမယ်။ ယောက်ျားဆိုတာ မိန်းမဖြုန်းနိုင်ဖို့ ပိုက်ဆံရှာတဲ့ သတ္တဝါတွေပဲ မဟုတ်ဘူးလား ဒက်ဒီ”

“ဟယ်...ဒီကောင်မလေး အရူးမဟုတ် အကောင်းမဟုတ် လျှောက်ပြောမနေစမ်းနဲ့”

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကို ဖွာရင်း နေရာမှ ထလိုက်သည်။ မော်ကမူ မချိုမချဉ်မျက်နှာဖြင့် ဦးကျော်ဒင်၏လက်တစ်ဖက်ကို ဆွဲလိုက် သည်။

“အမယ်...ဒက်ဒီက ရက်မနေပါနဲ့၊ ဒက်ဒီရှာထားတဲ့ ပိုက်ဆံတွေဟာ မာမီ ပိုကာဒေါင်းဖို့ချည်းပဲ မဟုတ်လား”

“ဟော့...ငါ ပိုကာဒေါင်းတာ ဘယ်တုန်းကများ ရှုံးဖူးလို့လဲ။ ညည်းတို့ ဖြုန်းသလောက်တောင် မရှိဘူး”

မော်သည် လျှာကလေးကထုတ်၍ မျက်လုံးပြူးလိုက်သည်။

မွန်က ဇစ်တာ့ကို လှမ်းကြည့်လိုက်သည်။ ဇစ်တာသည် မွန့်မျက်နှာကို အကဲခတ်၍ ကြည့်နေရှာသည်။

“ကဲ...မွန် ကျေနပ်တယ်နော်။ ရက်ရွေးပေးဖို့ကတော့ အန်တီတို့ ကြည့်ပြီးရွေးမှာပေါ့”

“ငါရွေးမယ်ဟေ့...ငါရွေးပေးမယ်၊ ယူကြစမ်း တစ်ယောက်ပြီးတစ်ယောက်၊ ငါ့သမီးတစ်ယောက်ကတော့ ငါနဲ့အတူကျန်မှာပဲ။ မော်လည်း ယူချင်ရင် ယူသာယူ၊ တစ်နှစ် နှစ်မင်္ဂလာဆိုရင် ပိုပြီး ကောင်းတယ်”

မော်သည် ဦးကျော်ဒင်အား ဖက်လိုက်သည်။

“ဒါမှ တို့ဒက်ဒီကွ၊ သမီးကို ရက်ကောင်းလေးရွေးပေးနော်”

“မော်ရယ်...နားငြီးလွန်းလို့ နင့်ပါးစပ်ကို ဝါးစရာတစ်ခုခုထည့်ထားစမ်း”

‘မ’ က စိတ်ပျက်သံဖြင့် ညည်းလိုက်သည်။ မွန်ကလည်း မော့်ကို ခပ်တည်တည် လှမ်း၍ကြည့်လိုက်သည်။

“ရက်တော့ မာမီ ကြည့်ပြီး ရွေးပေးလိမ့်မယ်။ စီစဉ်စရာရှိတာ စီစဉ်ဖို့တော့ မောင် လာခဲ့နော်။ တီးဝိုင်းကတော့ ဆရာ့တီးဝိုင်းပဲ၊ အပြင်ငှားရင်လည်း ဆရာပါ ဝင်တီးရမှာပဲ...။

“ဟုတ်တာပေါ့၊ တီးဝိုင်းကိုတော့ ငါ့စိတ်ကြိုက်ဟေ့။ နင်တို့ဂေါ်ဂီတွေ မထည့်ရဘူး။ မြန်မာတီးဝိုင်း စစ်စစ် တီးရမယ်။ မောင်ဘခက်စောင်းနဲ့ နှဲဆရာတစ်ယောက်၊ ဗုံဆရာတစ်ယောက်၊ အဆိုတော်တစ်ယောက် ငှားရမယ်”

ဒေါ်ခင်မျိုးသန့်က ဦးကျော်ဒင်ကို ပြုံး၍ကြည့်လိုက်ပြီးလျှင် ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

“ဟုတ်ပါတယ်ရှင်၊ တီးဝိုင်းခေါင်းဆောင်ပဲ အသံမကောင်းချင်နေ အဆိုတော် ချောချောလေးတစ်ယောက် ငှားပေါ့”

“မင်း ဒါတွေနားမလည်ပါဘူးကွာ။ မင်းနားလည်တာက ဂျိုကာနှစ်ကောင်တို့၊ တုတ်စားတာတို့ပဲ နားလည်မှာပေါ့”

ဇစ်တာသည် နေရာမှထလိုက်ရင်း ဦးကျော်ဒင်နှင့် ဒေါ်ခင်မျိုးသန့်ကို ရိုသေကိုင်းရှိုင်းသော အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

“ကဲ...ကျွန်တော့်ကိုခွင့်ပြုပါဦးအန်ကယ်၊ အန်တီ ကျွန်တော်ပြန်ပါရစေ”

“အေး...အေး...ဟုတ်ပါရဲ့၊ ညဦးနက်နေမယ်။ ရက်ကောင်းရက်မြတ် ရွေးဖို့ကတော့ကွယ် အန်တီ ဆရာဘုန်းဆီသွားပြီး မေးလိုက်မယ်”

“ဟုတ်ကဲ့ အန်တီ၊ မွန်...ကိုယ်ပြန်မယ်နော်”

ဇစ်တာက အားလုံးကို နှုတ်ဆက်၍ ညှော်ခန်းမှ ထသွားသောအခါ မွန်သည် ဇစ်တာ့နောက်သို့ လိုက်သွားလေသည်။ မော်သည် မွန့်ကို ပြုံးစစဖြင့် ကြည့်နေသည်။ ဦးကျော်ဒင်သည် ကိုဘခက်ကို လှမ်းကြည့်ရင်း...

“ဟေ့...မောင်ဘခက်၊ ကော်ဖီသောက်ပါလားကွဲ့။ ကော်ဖီတွေ အိုးထဲမှာရှိတယ်”

“တော်ပြီ ဦးလေး၊ ကျွန်တော် စောစောက သောက်ပြီးပြီ”

ကိုဘခက်သည် ‘မ’ ကို တစ်ချက်မျှလှမ်းကြည့်ပြီးလျှင် အခန်းဆီသို့ ထွက်ခဲ့လေသည်။ ကိုဘခက် အခန်းတွင်းသို့ ဝင်သွားသောအခါ ဦးကျော်ဒင်နှင့် ဒေါ်ခင်မျိုးသန့်သည် အပေါ်ထပ်သို့ တက်သွားကြသည်။

‘မ’ ကမူ မောင်အေးကို လှမ်း၍ခေါ်လိုက်သည်။

“မောင်အေးရေ...ဆရာ့အခန်းထဲကို ကော်ဖီပို့လိုက်ပါ။ ဆေးလိပ်၊ မီးခြစ် လိုတာယူပေးလိုက်နော်။ တံခါးပေါက်တွေလည်း ကြည့်ပြီးပိတ်”

‘မ’ အပေါ်ထပ်သို့ တက်သွားသောအခါ မော်သည် အခန်းတွင်းသို့ အပြေးဝင်လာသည်။ မွန်က နောက်မှ လိုက်၍လာသည်။ မော်သည် ‘မ’ ခုတင်ဘေးတွင် ဝင်ပုန်းလိုက်သည်။

“‘မ’ရေ...မော်လေ ရုပ်ရှင်ကားကောင်းတစ်ခု ကြည့်ခဲ့ရတယ်ကွ။ မင်းသားက မင်းသမီးနှုတ်ခမ်းကလေးကို တအားဖက်ပြီး နမ်းလိုက်တာကွာ... အသည်းတောင် ယားလာတယ်”

မွန်သည် မော့်ကို မျက်နှာထားဖြင့် ကြည့်လိုက်သည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# အရေးကြီးသော အချက်ကြီးများ

ပီမိုးနှင်း

(ယခင်အပတ်အဆက်)

အလုပ်တိုက်ကြီးများ၌ လခစားလုပ်သူတို့သည် အလုပ်ကို နိုင်သလောက်ချီးမြှင့်ခြင်းခံရလေသည်။ မြန်မာပြည်၌ကား မျက်နှာဖြူများကို မလွှမ်းနိုင်ဟု ပြောကြလေသည်။ မလွှမ်းဘဲမနေနိုင်သော အချိန်အခါ ရောက်လာရလိမ့်မည်။ စတီးကုမ္ပဏီကဲ့သို့ အလုပ်ကြီး၌ မျက်နှာဖြူပေါင်းများစွာတို့၏ အပေါ်တွင် ကုလားအနက်တစ်ယောက် ဘရားဆပ်ကြီးဖြစ်ဖူးလေသည်။ သို့သော်လည်း အင်္ဂလိပ်လို အရေးအပြော လျင်မြန်ရပေလိမ့်မည်။

ငွေကိုစုဆောင်းခြင်းအကျင့်ကို မရသူမှာ စုဖို့ခက်၏။ အကျင့်ရလျှင်စုရခြင်း၌ ပျော်ပိုက်၏။ စုသောငွေများလေလေ ငါကား ငွေရှင်ဖြစ်သည်ဟူသော အာသာကပိုမိုစုဖို့ အားပေးလေလေဖြစ်လေသည်။ မည်သူမဆို စုနိုင်၏။ သုံးပြီးကျန်မှ စုမည်ဟု သဘောထားလျှင် စုနိုင်မည်မဟုတ်ပေ။ မသုံးမီစုပြီး ကျန်သမျှကိုသာ ကြံဖန်၍လောက်အောင်သုံးမည်ဟူသောအနေဖြင့် စုမှဖြစ်နိုင်လေသည်။ အလုပ်တိုက်များ၌ အတင်းအကျပ် မစုမနေရအောင် စု၍ပေးသဖြင့် စုမိကြ၏။ အလုပ်မှထွက်သောအခါ အခြေစိုက်မိကြလေသည်။

ထိုကဲ့သို့ တိုက်ကစု၍မပေးလျှင် အများအားဖြင့် စုနိုင်ကြမည် မဟုတ်ပေ။ ထိုနည်းအတိုင်း ကိုယ်တိုင် အတင်းအကျပ်စုလျှင် ဖြစ်နိုင်လေသည်။ သို့မဟုတ် ခိုင်လုံစိတ်ချရသော အသက်အာမခံတိုက်များမှာ စုနိုင်လေသည်။ ငွေစုခြင်းသည် အရာရာ၌ စည်းစနစ်ကျခြင်း၏ အလေ့အကျင့်ကို ဖြစ်စေ၏။ ချွေတာခြင်း၏ အကျင့်ကိုလည်း ရစေနိုင်လေသည်။

ပထမ ငွေတစ်ထောင်ရအောင် စုဖို့ခက်၏။ ငွေတစ်ထောင်ရသောအခါ လွယ်၍လာလိမ့်မည်။ ငွေရှင်အဖြစ်နှင့် စိတ်တည်ကြည်ခံ့ညားလျက် မပူရ၊ မပင်ရ၊ လခစားလုပ်ရာ၌လည်း အောက်ကျတော့မည်မဟုတ်။ လွတ်လပ်သော စိတ်ကလည်း သုခချမ်းသာကို များစွာပေးနိုင်လေသည်။

ငွေအသုံးစာရင်းရှိစေရမည်။ ငွေစုသူသည် ထိုစာရင်းကို မထားဘဲမနေနိုင်။ အလွန်သုံးဖြုန်းလိုသော စိတ်ကိုနိုင်စရှိလျှင် သာလွန်လွယ်ကူစွာနိုင်နိုင်လေသည်။

အားနာခြင်း၊ ဂုဏ်လိုခြင်းကြောင့် အကျိုးမဲ့ စွန့်ကြဲခြင်းမပြုရပေ။ ငွေရှိလျှင် လူထဲတွင် ထင်ပေါ်လိုသောစိတ်နှင့် အရာရာမှာ ပါဝင်ချင်သောစိတ်မျိုး ပေါ်ပေါက်တတ်၏။ ထိုစိတ်၏အလိုကို မလိုက်ကောင်းပေ။

မိမိ စုဆောင်းရရှိသော ငွေအကြောင်းကိုမပြောဘဲနေလေလေ စိတ်ချရလေလေ မှတ်ရမည်။ ငွေချေးပွဲစားတွေ အနှောင့်အယှက် ပြုတတ်လေသည်။ အဘယ်လိုအလုပ်၌ ရှယ်ယာဝင်ရမည်ဟူသောအရာ၌ လိမ္မာရမည်။ ထိုအရာ၌ လိမ္မာသဖြင့် သူဌေးကြီးတွေ ဖြစ်ကြလေပြီ။ မိမိကိုယ်တိုင် တစ်စုံတစ်ရာ အသေအချာမသိရသော ကုမ္ပဏီများ၌ အစုမဝင်အပ်ပေ။

အချို့ ကုမ္ပဏီအသစ်များမှာ နာမည်ကြီးသော လူကြီးများကို ဒါရိုက်တာအဖြစ်နှင့် ကြော်ငြာတတ်ကြ၏။ ထိုလူကြီးများသည် ကိုယ်တိုင်အဘယ်မျှ အစုပါသလဲ။ အလုပ်ကို နားလည်သလား။ အကျင့်စာရိတ္တ ဘယ်လိုလူများနည်း။ အလုပ်မှာဖြစ်မြောက်နိုင်မည်လားဟူသောအချက်များကို စုံစမ်းရမည်။ လောင်းကစားခြင်းကို အဘယ်အခါမျှမပြုပါဟု စိတ်ကိုပိုင်းဖြတ်ရမည်။

အနီထောင်ထိုးလျှင် တစ်လှည့်တော့ တိုက်တာပဲ၊ လောဘမကြီးလျှင်ရသည်။ မြင်းပွဲမှာလည်း ထို့အတူဟူသော စကားများကို ဘယ်သောအခါမျှ မယုံရ၊ အစကအဆုံးတိုင် အဘယ်ပွဲမှာမျှ မတိုက်သောအခါတွေ များစွာရှိသဖြင့် ဒိုင်တွေ ငွေရကြလေသည်။

ကိုယ်ပိုင်အလုပ်ကိုလုပ်လျှင် အလုပ်၌ ငွေကြေးအခြေအနေကို မကြာခဏ စစ်ဆေးကြည့်ရမည်။ အော်ဒစ်တာ၊ စာရင်းကိုင်များအတွက် အပိုကုန်ကျသည်ဟု မမှတ်အပ်ပေ။ မိမိ၏အလုပ်ကို ဘဏ်တိုက်နှင့် မဆက်လျှင် ပျက်တတ်သည်။ ဘဏ်တိုက်နှင့် ရင်းနှီးခင်မင်အောင် မိမိ၏ငွေကြေးအလုပ်အကိုင်ဆိုင်ရာ အတွင်းရေးအခြေအနေကို ပြောပြရမည်။ အခက်အခဲကြုံသည့်အခါ ဘဏ်တိုက်က အကြံဉာဏ်ကို ပေးနိုင်လေသည်။ ဘဏ်နှင့်မဆက်ဘဲ အလုပ်ကြီးလုပ်သူများသည် ရေသောက်မြစ် မရှိသောသစ်ပင်ကို စိုက်သည်နှင့်တူလေသည်။ ပေးစရာရှိလျှင် အပေးသွက်ရမည်။ ချိန်းရက်မှာ ပေးရမည်။ သို့မှနာမည်ကောင်း၍ ခိုင်လုံသော အလုပ်တိုက်ဖြစ်ကြောင်း အခြားအလုပ်တိုက်များ သိ၍ ကြီးမြင့်နိုင်လေသည်။

အချို့မြန်မာတိုက်များမှာ အဘယ်အခါမဆို ရဖို့ဆိုလျှင်ယူကြ၏။ ပေးဖို့ရှိသည့်အခါ မန်နေဂျာမရှိဘူးဟု ပြောတတ်ကြလေသည်။ မန်နေဂျာတိုက်ရှင်ရှိမှပေးနိုင်သော အလုပ်တိုက်သည် အလုပ်တိုက်မဟုတ်ပေ။ ပေးလွယ်မှ ရလွယ်၏။ လက်မှတ်ထိုးကိုရှောင်၊ အိုအောင်မဆင်းရဲနိုင်။

အိုသောအခါ၊ နာမကျန်းဖြစ်သောအခါ၌ ငွေသည် ဘယ်မျှလောက်အရေးကြီးသည်ကို အထူးပြောဖို့မလို၊ အိုသောအခါ ငယ်စဉ်က သုံးဖြုန်းခဲ့ဖူးသူတို့မှာ မရှိလျှင်သာ၍ဆင်းရဲပြီး သာ၍ကျက်သရေယုတ်တတ်လေသည်။ လောဘကြောင့် ပျက်စီးတတ်ကြောင်းကိုလည်း သတိပြုအပ်လေသည်။ စီးပွားရှာခြင်း၌ ရဲရင့်ခြင်းနှင့် လိမ္မာခြင်းကို တွဲစေရမည်။ အရဲသက်သက်ကြောင့် ပျက်စီးတတ်၏။ လိမ္မာအားကြီး၍ မရဲလျှင် မမွဲနိုင်သော်လည်း မကြီးပွားနိုင်။ ■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်



## ပေးဆပ်မှုကိုရှေ့တန်းတင်ပါ

**"သူတစ်ပါးအကျိုး မဆောင်ရွက် မပြုလုပ်သူသည် မိမိအကျိုးကို မပြီးစီးစေနိုင်။ ထိုစကားသည် အထပ်ထပ်မှန်၏။ "**

**အရှင်သံဃရက္ခိတ မဟာသာမိထေရ်**

ကြီးပွားချမ်းသာမှုသည် လူတိုင်း၏ သည်းခြေကြိုက်ဖြစ်ပြီး လိုလားတောင့်တကြပေသည်။ ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာရေး နည်းလမ်းများကိုလည်း လူတိုင်း လူတိုင်းက အစဉ်သဖြင့်ရှာဖွေနေကြသည်လည်းဖြစ်သည်။ အောင်မြင်ကြီးပွားချမ်းသာရေး နည်းလမ်းပေါင်း မြောက်မြားစွာရှိနေသည့်တိုင် လူတိုင်း အောင်မြင်ကြီးပွားချမ်းသာနိုင်သည်ကားမဟုတ်။ အောင်မြင်ကြီးပွားချမ်းသာမှုကို လူတိုင်းမရရှိနိုင်သည်ကို သိထားကြရန်လိုသည်။

သို့သော်လည်း အောင်မြင်ကြီးပွားချမ်းသာကြွယ်ဝသည့် လူတိုင်းကသာ အောင်မြင်ကြီးပွားရေးနည်းလမ်းများကို ရှာဖွေတွေ့ရှိကြပြီး လက်တွေ့ ကြိုးစားမှုဖြင့် အောင်မြင်ပေါက်မြောက်ခဲ့ကြသူများဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် ပေးဆပ်မှုကိုရှေ့တန်းတင်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကို အသုံးချကာ ကြိုးစားကြရမည်လည်းဖြစ်သည်။ အောင်မြင်ကြီးပွားချမ်းသာမှုရရှိလိုသည့် စိတ်တန်ခိုးထက်သန်မှု အတိမ်အနက်ကိုသိရှိကာ အရာရာပေးဆပ်နိုင်ရမည်ဟူသည့် သည်းခံနိုင်မှု၊ ပင်ပန်းဆင်းရဲခံနိုင်မှုတို့ကိုအရင်းတည်ကာ ကြိုးစားစိတ် အထူးလိုအပ်သည်။ ထက်သန်သည့် စိတ်တန်ခိုးကို အကောင်အထည်ဖော်မှုနှင့် အောင်မြင်ကြီးပွား ချမ်းသာနိုင်ရေးအတွက် လုပ်ဆောင်မှု အမျိုးမျိုးရှိသော်လည်း အလွယ်ဆုံးနှင့်အထိရောက်ဆုံးနည်းလမ်း (၁၀) ချက်ဟူသည်ကား ရှိနှင့်ပြီးဖြစ်သည်။

အဆိုပါအောင်မြင်ရေးနည်းနာတို့မှ နံပါတ်ခြောက်အချက်ဖြစ်သော "ပေးဆပ်မှုကိုရှေ့တန်းတင်ပါ" ဟူသည်က မိမိ၏စိတ်ကို မိမိဘာသာသုံးသပ်ကွပ်ကဲကာ သည်းခံနိုင်မှု၊ ပင်ပန်းဆင်းရဲခံနိုင်မှုတို့ဖြင့် မိမိကသာ ဦးစွာပထမ ပေးဆပ်ပြီး လုပ်ဆောင်ရမည့် နည်းလမ်းပင်ဖြစ်ပေတော့သည်။

"မိုင်တစ်ထောင်ခရီး၏ အစသည် ပထမဆုံးခြေလှမ်းပင်ဖြစ်၏။"

တရုတ်ဆိုရိုးစကားတစ်ခုဖြစ်သည်။ တောင်ခြေမှာရပ်ပြီး လှမ်းမျှော်ကြည့်နေရုံဖြင့် အပေါ်မရောက်နိုင်။ တက်မှသာ အပေါ်သို့ရောက်နိုင်မည်ဟု ဆိုလိုရင်းလည်းဖြစ်သည်။

ထို့ကြောင့် အမှန်တကယ်လက်တွေ့ကြိုးစားလုပ်ဆောင်သူသည်သာလျှင် အောင်မြင်မှုပန်းတိုင်ကို လှမ်းဆွတ်နိုင်မည်လည်းဖြစ်ပေသည်။ လူတစ်ယောက် ကြီးပွားချမ်းသာရန်မှာ " အကြံကောင်းလျှင်တစ်ချက်၊ အမှီကောင်းလျှင်တစ်သက်" ဟူသည့် ဆိုရိုးစကားကဲ့သို့ပင်ဖြစ်သည်။ တစ်ချက်တည်းသာ ဖြစ်သော်လည်း လျှပ်တစ်ပြတ် ရရှိလိုက်သည့် အတွေး၊အကြံကြောင့် တစ်ချက်တည်းဖြင့် ချမ်းသာ ကြီးပွားသွားစေတတ်သည်။ သာဓကပြစရာများလည်း မျက်မှောက်ကာလတွင် များစွာရှိနေသည်။ အကြံကောင်းတစ်ချက် ရရှိလိုက်သည့်အတွက် ဘဝလမ်းကြောင်းပြောင်းလဲပြီး အောင်မြင်ကြီးပွားကြသူများ မျက်စိအောက်တွင် မရေမတွက်နိုင်အောင် ရှိနေလေသည်။

သို့ဖြစ်၍ ကြိုးစားအကြံထုတ်ပြီး အကြံဉာဏ်ဖြင့်ကြီးပွားရေးကို စေ့စေ့တွေးကြည့်ရပေမည်။

လူဟူသည်ကား လူ့ဘောင်ကောင်းကျိုးကို မိမိစွမ်းအားရှိသမျှ ထမ်းဆောင်သယ်ပိုးပါမှ အကျိုးပြုရာရောက်မည်လည်းဖြစ်သည်။ ထိုကဲ့သို့ပေးဆပ်မှုတစ်စုံတစ်ရာရှိမှသာလျှင် လူ့အသိုင်းအဝိုင်း၏ အသိအမှတ်ပြုခံရကာ မှတ်ကျောက်တင်ခံရမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ယုံကြည်မှုရရှိပြီး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရသည်များလည်း လျင်မြန်သွက်လက်လာမည်မှာ သေချာသည်။

ထိုသို့လုပ်ဆောင်ရာတွင်လည်း မိမိဘာသာ ကိုယ့်ကိုယ်ကိုယ်အားကိုးကြိုးစားတည်ဆောက်ရမည် ဖြစ်သည်။ မိမိတွင်ရှိသည့် အင်အားများကသာ တကယ့်အစစ်အမှန်ခွန်အားပင်ဖြစ်သည်။ ခုချက်ချင်းရေတွင်းတူး အခုရေကြည်သောက်လို၍ဖြင့် ရနိုင်မည်မဟုတ်ပေ။

ဘဝအောင်မြင်ရေးအတွက် ကြိုးစားဆောက်တည်နေရခြင်းတို့သည့် အောင်မြင်ကြီးပွားချမ်းသာမှုရရှိရန် ဘဝကိုပေးဆပ်နေရခြင်းဖြစ်သည်ဟု လက်ခံမှတ်ယူနိုင်ရမည်လည်းဖြစ်သည်။

"သူတစ်ပါးအကျိုးမဆောင်ရွက် မပြုလုပ်သူသည် မိမိအကျိုးကို မပြီးစေနိုင်။ ထိုစကားသည် အထပ်ထပ်မှန်၏။ ဤသို့လက်ရုံးကိုမြှောက်ချီ၍ ဆိုလော့(ဆိုပါလေ)။ သူတော်ကောင်းတို့ မိန့်ဆိုတော်မူခြင်းကြောင့် သူတော်ကောင်းမှန်လျှင် သူတစ်ပါး၏အကျိုးကို အဦးထားကာ ပြုထိုက်ရာ၏။ သူတစ်ပါးအကျိုး ပြီးပြည့်မြောက်သော် မိမိအကျိုးသည်လည်း ပြီးပြည့်မြောက်ရာ၏။" ဟူ၍ အရှင်သံဃရက္ခိတမဟာသာမိထေရ်၏ ရေးသားပြုစုထားတော်မူသော ပဥ္စကာဋီကာကျမ်းတွင် ပါရှိကြောင်းမှတ်သားဖူးပါသည်။

ထို့ကြောင့် မိမိတာဝန်ကိုမိမိကသာ အကောင်းဆုံးဖြစ်စေရန် ကြိုးစားကြရမည်ဖြစ်သည်။ အချိန်ကာလကြာလာသည်နှင့်အမျှ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အသိဉာဏ်ပညာသည်လည်း ရင့်ကျက်လာရပေမည်။ အသိ၊ သတိတို့ဖြင့် ချင့်ချိန်ဝေဖန်ပိုင်းခြား၊ သုံးသပ်ကာ အချိန်ကိုအကျိုးရှိစွာ စီမံခန့်ခွဲလုပ်ဆောင်နိုင်ခြင်းအားဖြင့် လောကကောင်းကျိုးကို အစွမ်းကုန်သယ်ပိုး ကြိုးစား ပေးဆပ်လုပ်ဆောင်နိုင်သူဖြစ်လာပြီးဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို မလွဲမသွေရရှိလာမည်ဖြစ်ပေတော့သည်။ ။ ■

# တာဝန်ကျေသူဖြစ်ချင်သလား

မောင်ထူးချွန်

တာဝန်ကျေသူဆိုတာ ယုံကြည်စွာပေးအပ်ခံရတဲ့ တာဝန်ဝတ္တရားတွေကို အချိန်မီပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းလို့ အလွယ်မှတ်လို့ရပါတယ်။ မောင်တို့မယ်တို့အနေနဲ့ တာဝန်ကျေသူဖြစ်ချင်သလားဆိုရင် တာဝန်ကျေသူဖြစ်ချင်ကြပါတယ်လို့ပဲ ဖြေဆိုကြမယ်မဟုတ်လား။

တာဝန်ဆိုတဲ့နေရာမှာ လူသားတိုင်းဟာ အရွယ်မရွေး တာဝန်ကိုယ်စီရှိကြတာပါပဲ။ မောင်တို့မယ်တို့ ကျောင်းသား ကျောင်းသူအရွယ်ဆိုရင် ကျောင်းမှန်မှန်တက်ရမယ့်တာဝန်ရှိတယ်။ ကျောင်းကပေးထားတဲ့အိမ်စာတွေ၊ သင်ခန်းစာတွေကို အချိန်နဲ့တစ်ပြေးညီ ကျက်မှတ်လေ့ကျင့်နိုင်တယ်ဆိုရင် တာဝန်ကျေပွန်တာပဲပေါ့။ အဲဒီနောက်မှာ စာမေးပွဲဖြေဆိုအောင်မြင်တယ်ဆိုရင်တော့ တစ်နှစ်တာအတွက် တာဝန်ကျေပွန်တာဖြစ်တယ်။

မောင်တို့မယ်တို့ရဲ့ မိဘတွေဆိုရင်လည်း သားသမီးတွေ မကြောင့်မကြဘဲ ပညာသင်ကြားနိုင်အောင်၊ စားဝတ်နေရေးအဆင်ပြေချောမွေ့ပြီး လူတန်းစေ့နေနိုင်အောင် နေ့စဉ်လုပ်ဆောင်ပေးခြင်းဟာလည်း မိဘတို့အနေနဲ့ တာဝန်ကျေပွန်တာပါပဲ။

ဒါကြောင့် တာဝန်ဝတ္တရား၊ ကျင့်ဝတ်တွေကိုယ်စီရှိကြသလို အဲဒီတာဝန်ဝတ္တရား၊ ကျင့်ဝတ်တွေကို လိုက်နာကျင့်ဆောင်နိုင်ခြင်းဟာ တာဝန်ကျေပွန်တာပဲပေါ့ကွယ်။

**၁။ သားသမီးကျင့်ဝတ်(၅)ပါး**

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

**၂။ မိဘကျင့်ဝတ်(၅)ပါး**

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

**၃။ တပည့်ကျင့်ဝတ်(၅)ပါး**

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

**၄။ ဆရာကျင့်ဝတ်(၅)ပါး**

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊



သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

ဒါတင်ဘယ်ကမလဲ ကျင့်ဝတ်တွေ၊ တာဝန်တွေဝတ္တရားတွေက ကျန်ရှိပါသေးတယ်။ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်စတာတွေပေါ့ကွယ်။

လူမှုရေးကျင့်ဝတ်ဝတ္တရားတွေပါပဲ။ မောင်တို့မယ်တို့ဟာ ဒီဝတ္တရားတွေကို လိုက်နာကျင့်ဆောင်နိုင်ရင်ကို လူမှုဘဝမှာ တာဝန်ကျေသူတွေဖြစ်နေပါပြီ။ ကျောင်းသား ကျောင်းသူအရွယ်တွေအနေနဲ့ မိဘအတွက်၊ ဆရာသမားတွေအတွက် တာဝန်ကျေပေးနေရင်ကို လူ့ဘဝ ကနဦးကာလတွေကို တာဝန်ကျေကျေဖြတ်သန်းနိုင်သူတွေ ဖြစ်လာပြီး လစဉ်စာမေးပွဲတွေနဲ့ နှစ်ဆုံးအတန်းတင်စာမေးပွဲတွေမှာ အောင်အောင်မြင်မြင်နဲ့ ပျော်ရွှင်မှုကိုရရှိကြမှာပေါ့ကွယ်။

တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူတွေဆိုရင်လည်း တာဝန်ကိုကျေပွန်စွာနဲ့ လေ့ကျင့်ကြိုးစားကြမယ်ဆိုရင် ဘဝရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို အကျိုးရှိရှိအသုံးချနိုင်ကာ အနာဂတ်ကာလများစွာအတွက် ကြိုတင်မြော်တွေးကျေနပ်နိုင်မှာဖြစ်တယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ရမှတ်အနည်းအများကွာခြားမှုကလည်း မိမိဘဝကို ရွေးချယ်ပိုင်းခြားသတ်မှတ်ပေးတာဖြစ်လို့ တက္ကသိုလ်ဝင်တန်းမှာ ကြိုးစားမှုတာဝန်ကို မဖြစ်မနေကျေပွန်ရမှာဖြစ်တယ်။

မိမိကိုယ်တိုင် တာဝန်ကျေပွန်မှုဟာ မိမိဘဝအတွက်သာမက မိဘ၊ဆရာသမားတို့အတွက်လည်း ကြည်နူးကျေနပ်ပီတိဖြစ်စရာအဖြစ် ဆောင်ကြဉ်းပေးနိုင်လို့ မိဘအတွက် တာဝန်ကျေပွန်သလို ဆရာသမားတို့အတွက်လည်း တာဝန်ကျေပွန်ရာရောက်တာပေါ့ကွယ်။

ဒီတော့ ကျောင်းစာတွေကျက်မှတ်လေ့လာတဲ့အခါမှာ အာရုံမများရဘူး၊ လောဘမကြီးရဘူး။ ပြာလောင်မခတ်ရဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ သေသေချာချာ စေ့စေ့စပ်စပ် အာရုံစူးစိုက်ပြီးလုပ်လေလေ အကျိုးရှိလေ၊ ထိရောက်လေပေါ့။ တကယ်တော့ လေ့ကျင့်ကျက်မှတ်မယ်ဆိုရင် ဘာသာရပ်တွေတစ်ခုချင်းရွေးချယ်ပေါ့။ အရေးကြီးတာ မိမိပိုင်နိုင်မှုအားနည်းတာကို ဦးစားပေးလေ့ကျင့်ပေါ့။ အချိန်ရပါသေးတယ်ဆိုပြီး နေ့ရွှေ့၊ ညရွှေ့အချိန်မဆွဲရဘူး။ အချိန်တွေကုန်ပြီးသွားရင် ပြန်မရနိုင်တော့ဘူးလေ။

အခုအချိန်ဆိုရင် စာမေးပွဲဖြေဖို့ ဘယ်နှလ လိုသေးသလဲ။ ကြိုတင်တွက်ချက်ထားရမယ်။ လေ့ကျင့်ကျက်မှတ်ရမှာက ဘာသာရပ် ဘယ်နှခုလဲ ရေတွက်ချိန်ဆရတော့မယ်။

အသေအချာတွက်ချက်ပြီး စာမေးပွဲရက်နဲ့ချိန်ထိုးပြီး လေ့ကျင့်ကျက်မှတ်ရမယ့်ရက်အတိအကျတွက်ကာ စာကြည့်စားပွဲမှာ စာလုံးကြီးကြီးရေးပြီး ကပ်ထားလိုက်ပေတော့။ စာမေးပွဲကြီးရောက်ဖို့ ဘယ်နှရက်သာလိုပါတော့တယ်ပေါ့။ ပြီးရင် တစ်ရက်ချင်းလျှော့လျှော့သွားပေါ့။ တစ်ဘာသာကို ဘယ်နှရက်လေ့လာချိန်ရမလဲ။ ပြန်လှန်လေ့ကျင့်ရမယ့်ရက်တွေက ဘယ်နှရက်ရနိုင်ဦးမလဲ။ ချိန်ဆဖို့လိုနေပြီလေ။ ကြိုတင်ပြင်ဆင်ချိန်ရှိနေသေးတဲ့အတွက် အချိန်ကို တန်ဖိုးရှိရှိအသုံးချလိုက်ပါတော့ကွယ်။

မောင်တို့မယ်တို့ ကျောင်းသား ကျောင်းသူအရွယ်ကတည်းက အချိန်ဇယားရေးမှတ်လုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကောင်းကို ရရှိထားတယ်ဆိုရင် ဘဝတစ်လျှောက်လုံးအတွက် များစွာအသုံးဝင်မှာလည်းဖြစ်တယ်။ ဒါကြောင့် မိမိအတွက်တာဝန်ကျေပွန်အောင် လုပ်ဆောင်နိုင်ခြင်းဟာ မိမိတို့ရဲ့ မိဘ၊ ဆရာသမားတို့အတွက်သာမက မိမိဝန်းကျင်အတွက်ပါ တာဝန်ကျေပွန်တာဖြစ်တယ်။

မောင်တို့မယ်တို့အနေနဲ့ ငယ်စဉ်ကတာဝန်ကျေပွန်သူတွေဖြစ်လာကြလို့ ဖြတ်သန်းရမယ့်လူ့ဘဝတစ်လျှောက်မှာလည်း တာဝန်ကျေပွန်သူတွေဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# အကောင်းမြင်အတွေးသမားဖြစ်လိုက်ပါ

အောင်မြတ်စည်သူ

မကောင်းတွေးခြင်းကို ကျွန်တော်တို့အားလုံး ပြုလေ့ရှိကြသည်။ မကောင်းမြင်အတွေး အဓိကရှိသူနှင့် အကောင်းမြင်အတွေး အဓိကရှိသူ နှစ်ဦးအကြား ကွာခြားချက်ကား အကောင်းမြင်သမားသည် စောဒကတက်ကောင်းသူ ဖြစ်လာလေ့ရှိခြင်းပင် ဖြစ်သည်။ သင့်ဘဝတွင် သင်၏အကောင်းမြင်ဝါဒ ထိရောက်မှုကို ပီပီပြင်ပြင် သဘောပေါက်နားလည်လာပါလျှင် သင်သည် သင်၏မကောင်းမြင်အတွေးများကို စောဒကတက်လာနိုင်သည်။

ဤအချက်ကိုပြုရန် နှိုက်နှိုက်ချွတ်ချွတ် သွန်သင်မှုပြုသော အသုံးဝင်ဆုံး သင်ခန်းစာကို ဒေါက်တာမာတင်ဆီလိဂ်မန်း၏ ဂန္ထဝင်လက်ရာ Learned Optimism တွင် ကျွန်တော်တွေ့မိသည်။ ဆီလိဂ်မန်းပြုခဲ့သော လေ့လာမှုများသည် အချက်နှစ်ချက်ကို အလေးအနက်ဖော်ပြခဲ့သည်။ ယင်းတို့မှာ

၁။ အကောင်းမြင်သည် မကောင်းမြင်ထက် ထိရောက်မှုရှိသည်။

၂။ အကောင်းမြင်ကို သင်ကြားဆည်းပူးနိုင်သည်။

ဆီလိဂ်မန်းသည် နှစ်ပေါင်းများစွာ ကိန်းဂဏန်းစာရင်းဇယားလေ့လာမှုအပေါ်တွင် သူ၏ရှာဖွေတွေ့ရှိချက်ကို အခြေခံသည်။ သူသည် ကြေးစားနှင့် အပျော်တမ်းအားကစားသမားများ၊ အာမခံအရောင်းကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲဝင်ပြိုင်နေသော နိုင်ငံရေးသမားများကိုပင် လေ့လာခဲ့သည်။ သူ၏ သိပ္ပံနည်းကျလေ့လာမှုသည် မကောင်းမြင်သမားများထက် အကောင်းမြင်သမားများက အထမြောက်စွာ စွမ်းဆောင်နိုင်စွမ်းကြွယ်ဝကြောင်း သက်သေထူခဲ့သည်။ သို့ဖြင့် နော်မန်ဗင်းဆင့်ပီလ်က သူ၏စာအုပ်များတွင် အကျိုးပြုတွေးခေါ်စဉ်းစားမှုအကြောင်း နှစ်ပေါင်းများစွာ ပြောကြားနေခဲ့သည့်အချက်ကို ယခုမှပင် သိပ္ပံနည်းကျကျ မှတ်ကျောက်တင်နိုင်ပြီ ဖြစ်သည်။

ပီလ်သည် သူ၏စာအုပ်များကို ကာယကံရှင်များ၏ လက်တွေ့ထွက်ဆိုချက်များနှင့် ခရစ်ယာန်သမ္မာကျမ်းစာမှ စာပိုဒ်များဖြင့် ပံ့ပိုးမှုပြုထားခဲ့သည်။

ယင်းနှင့်ပတ်သက်၍ ပြဿနာကား သူထိမိရန် လိုအပ်ခဲ့ဆုံးသူများ၊ သံသယသမားများနှင့် မကောင်းမြင်သမားများသည် မည်သည့်အရာကိုမျှ ယုံလွယ်စိတ်မရှိသော လူစားများဖြစ်နေခြင်းပင်ဖြစ်သည်။ သို့သော် ဆီလိဂ်မန်း၏မှတ်သားလောက်သောစကားများကို သင် ကျေညက်သွားပါလျှင် ပီလ်ကို စိတ်လှုပ်ရှားမှုအသစ်ဖြင့် ပြန်လှန်ဖတ်ရှုမှုပြုနိုင်သည်။

သူ၏ ဘာသာရေးရည်ညွှန်းချက်များကို သင် လက်မခံလျှင်လည်း အကြောင်းမဟုတ်ချေ။ ပုဂ္ဂလိကထောက်ခံချက်များကပင် သူ့အရေးအသားကို အင်အားများစွာ ဖြည့်ဆည်းပေးလေသည်။

သူ၏ နာမည်အကြီးဆုံး စာအုပ်သည် The Power of Positive Thinking ဖြစ်ပါသော်လည်း ကျွန်တော်သည် Stay Alive All Your Life နှင့် The Amazing Results if Positive Thinking မှ နေ၍ စိတ်ခေတ်တက်ကြွစရာများကို ပို၍ရရှိခဲ့သည်။

သင်သည် သင်၏ မကောင်းမြင်အတွေးအခေါ်များကို စောဒကတက်နိုင်သော သင်၏စွမ်းရည်ကို သံသယဖြစ်ပါက ကျွန်တော်တို့အားလုံး စောဒကတက်ရာတွင် ကျွမ်းကျင်သူများဖြစ်ကြောင်း အမှတ်ရပါ။ ငြင်းခုံမှုတစ်ရပ်တွင် တစ်ယောက်ကဝင်လာပြီး တစ်ဖက်ကို ဘက်လိုက်သွားပါလျှင် ကျွန်တော်တို့သည် မူလအချက် ဘာဖြစ်နေနေ ဆန့်ကျင်ဘက်မှ ဘက်လိုက်မှုပြုတတ်ကြသည်။

စကားရည်လုအသင်းအဖွဲ့များသည် ဤအချက်ကို ပြုတတ်ကြသည်။ အသင်းဝင်တို့သည် ယင်းတို့ မည်သည့်ဘက်မှ အချေအတင်ငြင်းခုံမှု ပြုနေမည်မှန်း နောက်ဆုံးအချိန်အထိ မသိတတ်ကြချေ။ ထို့ကြောင့် သူတို့သည် အကြောင်းရပ်တစ်ခု၏ အချေအတင် အမြင်နှစ်ရပ်စလုံးမှ ရှုမြင်ပြောတတ်အောင် ဆည်းပူးပြင်ဆင်ရသည်။

သင်သည် အကြောင်းရပ်တစ်ခုနှင့်ပတ်သက်၍ ပူပန်နေခြင်းနှင့် မကောင်းအမြင် တွေးမြင်နေမှုများသာ ပြုနေသည့်အဖြစ်ကြုံပါလျှင် ပထမခြေလှမ်းမှာ သင်၏အတွေးများသည် မကောင်းမြင်အတွေးများဖြစ်ကြောင်း သဘောပေါက်နားလည်လာရန်ပင် ဖြစ်သည်။

မှားသည်မဟုတ်၊ မမှန်သည်မဟုတ်၊ မကောင်းအမြင် ဝင်နေခြင်းမျှသာဖြစ်သည်။ သင်၏ဦးနှောက်မှ အစွမ်းကုန်ထုတ်သုံးမည်ဟု ရည်ရွယ်လျှင် မကောင်းမြင် အတွေးအမြင်များ ထိရောက်မှုနည်းပါးကြောင်း သင်သဘောပေါက်ရမည်။

သင့်အတွေးအခေါ်၏ မကောင်းမြင်သဘာဝကို သင်လက်ခံလိုက်သည်နှင့် သင်သည် နောက်ခြေတစ်လှမ်းလှမ်းရန် အသင့်ဖြစ်သွားသည်။ ဒုတိယခြေလှမ်းမှာ အကောင်းမြင်အမှုတစ်ခု တည်ရန်ပင်ဖြစ်သည်။

သင်၏ ပထမဆင်ခြင်ချက်များကို စောဒကစတင်တက်ပါ။ မကောင်းမြင်သမား မှားယွင်းကြောင်း သက်သေထူရမည်မှာ ကိုယ့်အလုပ်ဖြစ်သည်ဟု ယူဆသော ရှေ့နေအဖြစ် ဟန်ဆောင်ပါ။

သင့်အမှုကို ဖြစ်နိုင်ခြေအပေါ် စတင်တည်ဆောက်ပါ။ သင့်ကိုယ်သင် အံ့ဩသွားစေမည်။ အကောင်းမြင်ခြင်းသည် ပွင့်လင်းသောသဘာဝရှိသည်။

ယင်းသည် ဖြစ်နိုင်ခြေသို့ တံခါးတစ်ပေါက်ပြီး တစ်ပေါက် ဖွင့်သွားသည်။ မကောင်းမြင်သည် ထိုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ယင်းသည် ကျုံ့သည်။ ချုံ့သည်။ သဘာဝရှိသည်။ ဖြစ်နိုင်ခြေကို တံခါးများ ပိတ်ပစ်လိုက်သည်။ သင့်ဘဝကို သင် အမှန်တကယ် ဖွင့်လှစ်အောင်မြင်မှုသို့ သင့်ကိုယ်သင် စေ့ဆော်တင်လိုပါက အကောင်းမြင်အတွေးသမား ဖြစ်လိုက်ပါ။ ။

**Ref: Be a positive thinker by Steve Chandler**

# “ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်ခြင်း”


မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး


ပိဋကတ်ကျောက်စာဓမ္မစေတီတော်

(ကျောက်စာချပ်- အလျား၄၅” ၊ အမြင့်၉၃” ၊ အထူ၇. ၂”) ၂ ချပ်ပါ


ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်

(ပါဠိရိုမန်အင်္ဂလိပ် / ပါဠိမြန်မာ)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း၌ ဓမ္မစေတီတော်များရှိ ကျောက်စာချပ်များတွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော်များကို ကျောက်စာစေတီများအဖြစ် ပူဇော်၍လည်းကောင်း၊ ကျမ်းစာအုပ်များအဖြစ်လည်း ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ စနစ်တကျပြုစု၍ နိုင်ငံတကာအဆင့်မီကျမ်းစာအဖြစ် ပုံနှိပ်ထုတ်ဝေပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ထေရဝါဒဗုဒ္ဓဘာသာအားသင်ကြားပေးနေသည့်တက္ကသိုလ်ကြီးများနှင့် သာသနာပြုကျောင်းများ၊ မြန်မာနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှင့် သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာတက္ကသိုလ်(စစ်ကိုင်း)တို့ကဲ့သို့ တက္ကသိုလ်ကြီးများအပြင် စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ‘သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ’ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည်အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်- ၁၀၀၀၁၀၀၀၁၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ၀၃၄၃၀၄၀၃၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဦးစိုးလွင်ကျော်-ဖုန်း-၀၉ ၆၉၁၀၀၀၉၆၉၊ ၀၉ ၄၅၀၀၇၀၀၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း- ၀၉ ၄၂၉၇၂၂၅၄၈၊ ၀၉ ၂၅၅၈၂၅၂၁၆

## ပိဋကသုံးပုံပါဠိတော်(၄၀ အုပ်)(၁)စုံလျှင်(၁၂)သိန်းကျပ်နှုန်းဖြင့် လှူဒါန်းထားကြသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | မြို့ | လှူဒါန်းသည့် အရေအတွက် | အလှူငွေ (ကျပ်) |
|---|---|---|---|---|
| ၂၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစု | နေပြည်တော် | ၅ စုံ | ၆၀၀၀၀၀၀ |
| ၂၅။ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | မကွေး | ၃ စုံ | ၃၆၀၀၀၀၀ |
| ၂၆။ | ဦးရွှေလေး(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီးဒေါ်စိမ့်နိုခင် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၂၇။ | ဒေါက်တာမောင်မောင်နိုင်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့) | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၂၈။ | ဒေါက်တာအောင်ကြီး(ဒုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး ဒေါက်တာဒေါ်ခင်လှလှ မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၂၉။ | မိဘများအားအမှူးထား၍ ဦးကျော်စွာသွင် (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်အေးမြတ်ဝင်း၊ (သမီး)မသဥ္ဇာထက်ကျော်၊ (သား)မောင်အောင်စိုးကျော် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၀။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကြည်သာ၊ ဒေါ်မာမာအေး မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၁။ | ဒေါ်ခင်မေဦးလွင်၊ ဒေါ်မေသက်မော် (ရုံးအဖွဲ့မှူး၊ ဥပဒေချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး) | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၂။ | ဦးကျော်ဇော(သမီး) မသီရိလှိုင်၊ (မြေး)မကျော်ရှင်းသန့်မိသားစု | တောင်ငူမြို့ | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၃။ | ဦးသန်းဖေနှင့်ဇနီး ဒေါ်စောမြသားသမီးမြေးမြစ်မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၄။ | မကာအိုဆရာတော် အရှင်ဥက္ကံသာစာရနှင့် နှစ်ဖက်မိဘများကိုဦးထိပ်ထားလျက် တရုတ်နိုင်ငံ မကာအိုမြို့၊ ဦးတင်မောင်(Carlos Lou)+ဒေါ်စိုးစိုးသစ်၊ (သမီး)မမြတ်ဆုဝေ(Makayla)(သား)မောင်ဟိန်းထက်အောင်(Hamish)မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၅။ | ဒေါ်ခင်စန်း(သား)ဦးကျော်လင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့(သမီးငယ်)မစိုးစိုးဝင်းမိသားစု | ပုသိမ် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၆။ | နှစ်ဖက်သောအဘိုးအဘွားများအားအမှူးထား၍ ကွယ်လွန်သူဒေါ်ခင်ညွန့်ညွန့်(မေညွန့်)၊ (ဘကြီး)ဦးခင်အောင်ကြည်၊ (ညီမငယ်)ဒေါ်ခင်မမ(မာမီ) အားရည်စူး၍“စန်း”မိသားစုနှင့်မြေးများ | ရန်ကုန် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၇။ | ကွယ်လွန်သူဇနီးဒေါ်ခင်ခင်အေး (စာရေးဆရာမ-မအေးဆေး)အား ရည်စူး၍ ဦးသိန်းညွန့်(အဖွဲ့ဝင်)နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မောင်သိန်းညွန့်(ကော့ကရိတ်) | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၈။ | ဒေါက်တာချာလီသန်း(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်နီလာစိန် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၉။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့်ဇနီး ဒေါ်ဆွေဆွေမြင့် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၀။ | ဦးလှထွန်းဦး(ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ရီရီမြင့် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၁။ | ဦးမျိုးမြင့်(ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မြင့်မြင့်စိန်မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၂။ | ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီစန်း မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၃။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမောင်မောင်အောင်၊ ဒေါ်စောကြင်အုံးမိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၄။ | ဘိုးဘွား၊ မိဘ၊ ဆရာသမားများအားရည်စူး၍ ဦးမောင်လေး+ဒေါ်ခင်မြိုင်(သား)ဦးမောင်ဖြူ+ဒေါ်အမာကျင်(သမီး)မအေးအေးမြင့်၊ မရီရီချို မြေးများ-ကိုမျိုးဝင်းနိုင်+မစမ်းစမ်းမော်၊ ကိုကျော်ဝင်းနိုင်၊ ကိုသိန်းဇော်ထူး၊ ကိုလွှမ်းမိုးကျော်+မသန်းမာလာစိုး၊ ကိုဟန်လင်းထက်+မနီလာဝင်း၊ ကိုဟန်မင်းထက်+မနှင်းဆီ၊ မသဲအိဖြူ မြစ်များ-မဇင်ဇင်မျိုး၊ မောင်ကိုလတ်၊ မောင်ကျော်သူဟိန်း၊ မောင်ဝေယံဟိန်း၊ မောင်ရဲရင့်ဟိန်း သားသမီးမြေးမြစ်တစ်စုကောင်းမှု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၅။ | ရန်ကုန်မြို့မှ နှစ်ဖက်သောမိဘများနှင့် အစ်မ ဒေါ်တင်တင်မြ၊ ညီမလေး ပိုက်ပိုက်၊ သားကြီး ကိုဇော်ဝင်းနိုင်တို့အားရည်စူး၍ ဦးသိမ်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းနွယ် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၆။ | ကွယ်လွန်သူဦးမြဝင်းအားရည်စူး၍ ဇနီးဒေါ်ခင်မာမာနှင့်သားသမီးမြေးမြစ်တစ်စုကောင်းမှု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၇။ | ဒေါက်တာသိန်းထွန်း၊ ဒေါက်တာသန်းတိုး၊ ဦးကျော်တိုးထွန်း၊ ဦးဇော်တိုး၊ ဒေါ်ခိုင်မာလာသိန်းမိသားစု | ရန်ကုန် | ၃ စုံ | ၃၆၀၀၀၀၀ |

ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကြော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော် ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အောင်ပန်းဒေသနှင့် ရှောင်ဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ ဈေးကောင်းရရှိ

**မန္တလေး စက်တင်ဘာ ၁၂**



မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုအချိန်တွင် အောင်ပန်းဒေသနှင့် ရှောင်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိခရမ်းချဉ်သီးပွဲရုံများမှ သိရသည်။

**ပုံမှန်ဝင်ရောက်လျက်ရှိ**

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း အောင်ပန်းဒေသနှင့် ရှောင်ဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ၂၅ စီးမှ ၂၆ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိတွင် ဈေးနှုန်းများမှာလည်း ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက် အဖွဲ့အင်အား လေးဦးက သိန်းတရာ ရွှေဆိုင်အား သေနတ်ပြ ခြိမ်းခြောက်၍ ရွှေထည် ပစ္စည်းများ လုယက် ယူဆောင်

စာမျက်နှာ » ၁၄

အရေးကြီးသော အချက်ကြီးများ

စာမျက်နှာ » ၁၈

## အမေရိကန်အိုးပင်းတင်းနစ်ဖလား အယ်လ်ကာရက်ဇ် ပထမဆုံးအကြိမ်ဆွတ်ခူး

စပိန်ဆယ်ကျော်သက်တင်းနစ်ကစားသမား အယ်လ်ကာရက်ဇ်ဟာ စက်တင်ဘာ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ နော်ဝေပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ကက်စ်ပါရုဒ်ကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ပါတယ်။

အယ်လ်ကာရက်ဇ်ဟာ ဂရန်းဆလမ်းပြိုင်ပွဲတွေမှာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်လှမ်းခဲ့ခြင်းဖြစ်ပြီး ကက်စ်ပါရုဒ်ကို ၆-၄၊ ၂-၆၊ ၇-၆(၇-၁)၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ် အယ်လ်ကာရက်ဇ်ဟာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ခဲ့တဲ့ အသက်အငယ်ဆုံး တင်းနစ်ကစားသမားဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

**ကမ္ဘာ့အဆင့်(၁)နေရာကို ရပ်တည်ခွင့်ရရှိ**

အယ်လ်ကာရက်ဇ်ဟာ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် ကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ်ရဲ့နေရာကို ရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အယ်လ်ကာရက်ဇ်အနေနဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ရပ်တည်ခွင့်ရရှိခဲ့တာဟာ အမျိုးသားတင်းနစ်လောကရဲ့ သမိုင်းမှာ ၄၉ နှစ်အတွင်း ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။ ငွေကြယ်

## အား/ကာသိပ္ပံအသင်းက GFA အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) တတိယနေ့ကို စက်တင်ဘာ ၁၂ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းက GFA အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**နိုင်ပွဲပြန်ရှာတွေ့**

အား/ကာသိပ္ပံအသင်းသည် တန်းဆင်းဇုန်ထဲမှ GFA အသင်းကို အနိုင်ယူကာ နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ GFA အသင်းသည် တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသဖြင့် အားကုန်ထုတ်ကစားခဲ့ပြီး တစ်ယောက်လျော့ဖြင့် မိနစ် ၆၀ နီးပါး ကစားခဲ့ရသလို ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးများကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○



GFA အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။